Agribiz News
www.agribiznews.com.mm
လယ်ယာစီးပွားသတင်း

e-Paper-0019 ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်




# ရေကြီးနစ်မြုပ်မှုကြောင့်ထိခိုက်စပါးခင်းများအားပြန်လည်ကုစားရန် သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

အခု ရှေ့ဘက်မုလာသော လေပွေလှိုင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ခဲ့သော စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၂၃ ရက်နေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ ပင်လောင်းလမ်းမကြီးဘေး၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်များ ၊ ဌာနဆိုင်ရာများ နှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းနှစ်ခု အရှိန်ကြောင့် ပြည်တွင်းဒေသအချို့၌ ထူးကဲသည့် မိုးရွာသွန်းခဲ့မှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း တောင်ကျချောင်းရေ၊ မြောင်းရေ ၊ ကွင်းရေများ ပြည့်လျှံပြီး ရေကြီး ရေလျှံခြင်း ဖြစ်ပေါ်ခဲ့သဖြင့် မိုးစပါးနှင့် သီးနှံစိုက်ကွင်းများ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရကြောင်း၊

ပျက်စီးသွားသည့် စပါးခင်းများအနေဖြင့် ဆည်ရေသောက်ဧရိယာတွင် ပါဝင်ပါက တတ်နိုင်သမျှ စပါးပြန်လည်စိုက်ပျိုးကြရန် တိုက်တွန်းလိုပါကြောင်း၊ တောင်သူများ အရန်သင့် ပြန်လည် စိုက်ပျိုးနိုင်ကြစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၌ စပါးပျိုးထောင်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ စပါးပြန်လည် စိုက်ပျိုးလိုခြင်းမရှိသည့် တောင်သူများအနေဖြင့် အခြား သီးနှံများ စိုက်ပျိုးလိုပါက မျိုးလိုအပ်ချက်၊ ထွန်ယက်ရေး လိုအပ်ချက်များကို သက်ဆိုင်ရာ စိုက်ပျိုးရေးရုံးများ ၊ စက်မှုလယ်ယာရုံးများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြပါကြောင်း ၊

ပျက်စီးသွားသောစပါးခင်းများ ပြန်လည်စိုက်ပျိုးခြင်းနှင့် ထိခိုက်ခဲ့သည့် စပါးခင်းများ အထွက်နှုန်း လျော့နည်း မသွားစေရန် ပြန်လည်ကုစားခြင်းလုပ်ငန်းများအား အချိန်မီ စုပေါင်းဆောင်ရွက်သွားကြရန် လိုအပ်လျက်ရှိကြောင်း၊

ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည် ကုစားရန်လိုအပ်သည့် နည်းစနစ်များကို တောင်သူများ မျက်မြင်သိရှိသွားကြရန်နှင့် လက်တွေ့ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ယနေ့အခမ်းအနားတွင် စုပေါင်းလှုပ်ရှားမှု အသွင်ဖြင့် ကွင်းသရုပ်ပြပွဲကျင်းပပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ က ရေကြီးရေလျှံမှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေ၊ ဒေသ၏ စားရေရိက္ခာဖူလုံမှု နှင့် တောင်သူများ၏ ဝင်ငွေလျော့ကျမသွားစေရေးအတွက် ပျက်စီးသွားသော သီးနှံစိုက်ခင်းများရာသီအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ထိခိုက်ခဲ့သော စိုက်ခင်းများကို အချိန်မီကုစား ဆောင်ရွက်နိုင်ရေး အတွက် နေပြည်တော် ကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများ နှင့် ပူးပေါင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေကြီးနစ်မြုပ်ဒဏ် ခံခဲ့ရသည့် စိုက်ကွင်းများ၌ ကြုံတွေ့နိုင်သော သီးနှံပိုးမွှားရောဂါ

စာ-၂ သို့

ငါးစာ အမျိုးအစားနှင့်အစာစားပုံ....
စာ-၈

တိုးတက်ခေတ်မီ အသားတိုးဝက်မွေးမြူရေးဆီ......
စာ-၉

# စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်ရုရှားငါးလုပ်ငန်းဖက်ဒရယ်အေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၁၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်နှင့် ရေထွက်ကုန်စည်ပြပွဲ (VII Global Fishery Forum & Seafood Expo Russia) တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ ရောက်ရှိနေစဉ် စက်တင်ဘာ ၁၇ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ငါးလုပ်ငန်းဖက်ဒရယ်အေဂျင် စီ တို့အကြား ငါးလုပ်ငန်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။



အဆိုပါ အခမ်းအနားတွင် ဒုတိယဝန်ကြီး.ဒေါက်တာအောင်ကြီးနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ ငါးလုပ်ငန်းဖက်ဒရယ်အေဂျင်စီ (ကိုယ်စား)အကြီးအကဲ Mr. Ilya V. Shestakov တို့သည် သက်ရှိအဏ္ဏဝါအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းခြင်း၊ နှစ်ဖက် စိတ်ဝင်စားမှုရှိသည့် ငါးလုပ်ငန်းဆိုင်ရာ သတင်းနှင့် အချက်အလက်များ လဲလှယ်ခြင်း၊ ငါးလုပ်ငန်းကဏ္ဍအတွင်းရှိ ဆက်စပ်သူများအား ငါးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် သင်တန်းများ ပေးခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံဖလှယ်ရန် ကျွမ်းကျင်သူများ စေလွှတ်ခြင်း၊ စီးပွားရေးကဏ္ဍ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စများကိုလည်း ဆွေးနွေး ခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် စိန့်ပီတာစဘတ်မြို့၌ ကျင်းပ ဆောင်ရွက်ခဲ့သည့် ၅ ကြိမ်မြောက် နိုင်ငံတကာ ငါးလုပ်ငန်းဖိုရမ်နှင့် ငါးဖမ်းလုပ်ငန်း၊ ပင်လယ်စာနှင့် နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲတွင် နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့မှုအရ လက်မှတ်ရေးထိုးခဲ့သည့် နှစ်ဖက်စာချုပ်ဝင်များ၏ပူးတွဲကြေညာချက်ကို ကိုးကား၍ သက်ရှိအဏ္ဏဝါအရင်းအမြစ်များ ကာကွယ် ထိန်းသိမ်းခြင်း၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများ ပြဋ္ဌာန်းခြင်းနှင့် လျော်ကန်စွာသုံးစွဲနိုင်ရေး ဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာ အားကောင်းစေရန်နှင့် အပြန်အလှန် အကျိုးအမြတ်ရရှိစေမည့် ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမို ခိုင်မာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သတ္တမကြိမ်မြောက် နိုင်ငံတကာ ငါးလုပ်ငန်းဖိုရမ်နှင့် ငါးဖမ်းလုပ်ငန်း၊ ပင်လယ်စာနှင့် နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် သတ္တမအကြိမ် ကမ္ဘာလုံး ဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်နှင့် ရေထွက်ကုန်စည်ပြပွဲ (VII Global Fishery Forum & Seafood Expo Russia)သို့ တက်ရောက်ခဲ့သည့် လေ့လာတွေ့ရှိချက်များ ပြန်လည် ရှင်းလင်းဆွေးနွေးခြင်း ကို စက်တင်ဘာ ၂၂ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းဝေးခန်းမ၌ ကျင်းပပြုလုပ်ရာအခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ရှင်းလင်း ပြောကြားရာ၌ ကမ္ဘာ့ငါးလုပ်ငန်းဖိုရမ်နှင့် Seafood Expo ကို ကမ္ဘာတစ်ဝှမ်းမှ လုပ်ငန်းရှင်များနှင့် ရုရှားလုပ်ငန်းရှင်များ အကြား ဆက်သွယ်ပေးရန်ရည်ရွယ်၍ နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့် သတ္တမအကြိမ် ဖိုရမ်တွင် ငါးဖမ်းကုမ္ပဏီများ၊ ငါးမွေးမြူသူများ၊ ကုန်ချောထုတ်လုပ်သူများ၊ သင်္ဘောပိုင်ရှင်များ၊ ကုန်တင်သင်္ဘောလုပ်ငန်းရှင်များ၊ ကုန်ပစ္စည်း ထုတ်ပိုးပစ္စည်း ထုတ်လုပ်ရောင်းဝယ်သူများ၊ ရုရှား Supermarketi လက်ကားလက်လီ ရောင်းချသူများ၊ ရုရှားနိုင်ငံဒေသ (၃၇) ခုနှင့် နိုင်ငံ (၁၇) နိုင်ငံမှ ကုမ္ပဏီပေါင်း (၃၅၀) ပါဝင်တက်ရောက်ကြကြောင်း၊ ခင်းကျင်းပြသ

စာ-၄ သို့

မျက်နှာဖုံးမှ

ဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ရေကြီးနစ်မြုပ်စပါးခင်းများ ရေပြန်ကျချိန်တွင် အထွက်နှုန်းမထိခိုက်စေရန် ပြန်လည် ကုစားခြင်းလုပ်ငန်းအနေဖြင့် သွင်းအားစုများ ထည့်သွင်းခြင်းနှင့် သတိပြုသင့်သည့် နည်းပညာရပ်ဆိုင်ရာများကိုရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ တို့က ရေကြီးနစ်မြုပ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်များမှ တောင်သူများအား ယူရီးယား၊ ပိုတက် နှင့် ကျောက်မှုန့် ဓာတ်မြေဩဇာများ ထောက်ပံ့ ပေးအပ်ကြသည်။

၎င်းနောက် အခမ်းအနား တက်ရောက်လာကြသော တောင်သူများ၏ မေးမြန်း တင်ပြချက်များအပေါ် တာဝန်ရှိသူများက ရှင်းလင်း ဆွေးနွေးခဲ့ကြပြီးရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရေးအတွက် သွင်းအားစုများ ထည့်သွင်းရန် ကြိုတင်ပြင်ဆင်မှုသရုပ်ပြခြင်း၊ ရေကြီးနစ်မြုပ်စပါးခင်းများ ပြန်လည်ကုစားရန် ရွက်ဖျန်း အားဆေးပက်ဖျန်းခြင်း ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ထည့်သွင်းခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်မှု လက်တွေ့သရုပ်ပြခြင်း တို့ကိုဆောင်ရွက်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ မိုးစပါး ဧက ၅၀,၀၀၀ အပါအဝင် သီးနှံစုံ ဧက ၅၅,၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်နေ့အထိ မိုးစပါးဧက ၄၂,၀၀၀ ကျော် ရေပြန်ပေါ်လာသည့်အနက် ဧက ၃၀,၀၀၀ ကျော် ထိခိုက်ပြီး၊ ဧက၂၀,၀၀၀ ကျော် ပျက်စီးသွားကြောင်း၊ ပျက်စီးသွားခြင်းမရှိဘဲ ထိခိုက်ရုံသာ ထိခိုက်ခဲ့သည့် စပါးခင်းများ အထွက်နှုန်း လျော့နည်းမသွားစေရေး အချိန်မီ ပြန်လည်ကုစားခြင်းလုပ်ငန်းများ ကို တောင်သူများ စနစ်တကျ လိုက်နာဆောင်ရွက်နိုင်စေရန် ယခုကဲ့သို့ ကွင်းသရုပ်ပြသဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့် ကွင်းသရုပ်ပြပွဲအတွက် လိုအပ်သော ဧက ၁၀၀ စာ ဓာတ်မြေဩဇာများ၊ ရွက်ဖျန်း အားဆေးများကို မာလာမြိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

MOALI

# အောက်တိုဘာ လပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ၂ ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ ၁ ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂ ရက်နေ့မှ ၈ ရက်နေ့အတွင်း မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာ ၉ ရက်နေ့မှ ၁၅ ရက်နေ့ အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ ဘင်္ဂလား ပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင် ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၄ ရက်မှ ၂၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈ ရက်မှ ၁၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မြစ်ရေအခြေအနေခန့်မှန်းချက်

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ကြိမ်ခန့်စီနှင့် ပဲခူးမြို့တွင် ၁ ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အသီးသီးအထက်သို့ ကျော်လွန် ရောက်ရှိနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ရမည်းသင်းမှ စပျစ်သီးများ ရန်ကုန်သို့ အဓိကပို့ဆောင်

ရမည်းသင်းမြို့နယ်၌ စိုက်ပျိုးထွက်ရှိသော စပျစ်သီးများကို ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးမှာယူထားကြောင်း သိရသည်။

လက်ရှိ မုတ်သုံရာသီတွင် ခူးဆွတ်ပြီးဖြစ်သည့် ရမည်းသင်းစပျစ်သီးများကို ရန်ကုန်၊ မော်လမြိုင်နှင့် မန္တလေးမြို့များသို့ တင်ပို့လျက်ရှိသော်လည်း ရန်ကုန်မြို့မှ အဓိကမှာယူသည့် နေရာဖြစ်သည်။ သို့သော်လည်း မုတ်သုံရာသီတွင်ထွက်ရှိသည့် စပျစ်သီးများသည် အခြားရာသီတွင် ထွက်ရှိသည့် စပျစ်သီးများကဲ့သို့ ဈေးနှုန်းအားဖြင့် တည်ငြိမ်မှုမရှိကြောင်း တွေ့ရှိရသည်။ ပြီးခဲ့သည့် နွေရာသီက စပျစ်စိုက်တောင်သူများ အမြတ်အစွန်းများစွာရခဲ့သည့် စပျစ်သီးအထွက်များသော ရာသီဖြစ်ခဲ့ကြောင်းသိရသည်။ စပျစ်သီးများ ဖေဖော်ဝါရီလမှ မေလအထိ ထွက်ရှိပါသည်။ နွေရာသီ စပျစ်သီးမှာ ဈေးနှုန်းကောင်းမွန်ပြီး အရောင်းအဝယ်လည်း ကောင်းမွန်သည်။

“ဒါပေမယ့် မိုးရာသီစပျစ်ဈေးကသိပ်မကောင်းဘူး”ဟု ရမည်းသင်းမြို့နယ်မှ စပျစ်စိုက်တောင်သူ ကိုအောင်ကိုဝင်းက ပြောသည်။

ရမည်းသင်းမြို့နယ်တွင် စပျစ်စိုက်ခင်းများ အများအပြားရှိပြီး စပျစ်သီးများကို တစ်နိုင်ငံလုံးအနှံ့သို့ တင်ပို့လျက်ရှိသည်။ ထိုသို့ ဖြန့်ဖြူးရန် စပျစ်သီး ပွဲစားများ ရမည်းသင်း၌ အများအပြားရှိကြောင်း သိရှိရသည်။



ရမည်းသင်းမြို့နယ်တွင် စပျစ်စိုက်ခင်းများကို သဲကျွန်း၊ အနောက်အုတ်ဖို၊ လယ်သာနှင့် ကုလားမြောင်ကျေးရွာအုပ်စုတို့တွင် တိုးချဲ့စိုက်ပျိုးခဲ့ပြီး ၂၀၁၃ ခုနှစ် စာရင်းဇယားများအရ ရမည်းသင်းမြို့နယ်တွင် စပျစ်စိုက်ဧက စုစုပေါင်း ၅၀၀၀ ခန့်ရှိကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.

Agribiz News www.agribiznews.com.mm သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဇံထွေး(မြဲ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂



# APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန်ကို ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သော တိုင်းဒေသကြီးပြည်နယ်များသို့ ထောက်ပံ့ဖြန့်ဖြူးပေးမည်



နေပြည်တော် စက်တင်ဘာ ၂၂

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အာဆီယံ+၃ အရန်ဆန်သိုလှောင်ရုံ အတွင်း အရန်ဆန်များ စနစ်တကျသိုလှောင်ထားရှိမှု၊ သိုလှောင်ရုံများ ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

လုပ်ငန်းများကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန်ကို ယခုကြုံတွေ့ခဲ့ရသည့် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သော တိုင်းဒေသကြီး ပြည်နယ်များသို့ ထောက်ပံ့ ဖြန့်ဖြူးပေးရေး ဆောင်ရွက်လျက်ရှိရာတွင် ဆက်စပ်ဌာနအဖွဲ့ အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်၍ သက်ဆိုင်ရာဒေသများသို့ အမြန်ဆုံး တင်ပို့ဖြန့်ဖြူးပေးနိုင်ရေး ပူးပေါင်း ဆောင်ရွက်ကြရန် တာဝန်ရှိသူများ အား ဆွေးနွေးမှာကြားသည်။

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် အင်းစိန် မြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်း အဝေးခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာ ကဏ္ဍဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ရန်ကုန်တိုင်း ဒေသကြီး ၏ လယ်ယာကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ချက်များအား ဆွေးနွေး ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ဒုတိယ ဝန်ကြီး က ရန်ကုန်တိုင်းဒေသကြီး အတွင်း လယ်ယာသားငါး ထွက်ကုန် အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေး၊ တိုင်းဒေသကြီး အတွင်းရှိ ဆည်၊ တာတမံများ ကြံ့ခိုင်ရေးနှင့် ဘေး ကင်းလုံခြုံရေး အတွက် ကြိုတင် ဆောင်ရွက်ထားရှိရေး၊ ဦးစီးဌာန အတွင်းရှိဝန်ထမ်းများ စွမ်းဆောင် ရည် မြင့်မားရေး အတွက် စဉ်ဆက် မပြတ် သင်တန်းများ ဖွင့်လှစ်ပေးနိုင် ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

**MOALI**

---

စာ-၂ မှ-

ရာတွင်လည်း အအေးပိုင်းငါးများ ကုန်ချောထုတ်ခြင်း၊ အသင့်ချက် ထုတ်ကုန်များ၊ စည်သွပ်နှင့် ကျပ် ကင် ခြောက်များ၊ Dry Products များ၊ ငါးမွေးမြူရေးအထောက်အကူ ပြုပစ္စည်းများ၊ အစာနှင့် ဖြည့်စွက်စာ များ၊ သင်္ဘောတည်ဆောက်ခြင်း၊ အေးခဲခြင်းလုပ်ငန်းသုံးပစ္စည်းများ၊ Sea weed ထွက်ကုန်များကို တွေ့ရှိ ရပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် ၎င်း၏ ငါးလုပ်ငန်းကဏ္ဍကို ခေတ်မီ ငါးလုပ်ငန်းတစ်ခုအဖြစ် ဖော်ဆောင် ရန် ကြိုးပမ်း လျက်ရှိရာ High-tech fishing fleet များ၊ ခေတ်မီကုန်ချော စက်ရုံများနှင့် ကုန်စည်ပို့ဆောင်မှု အခြေခံအဆောက်အအုံများ ဆောင် ရွက်ရန်ဖြစ်ကြောင်း၊ မျက်နှာစုံညီ ဆွေးနွေးရာတွင်လည်း Digitalization ဆောင်ရွက်ခြင်းဖြင့် ငါးဖမ်း လုပ်ငန်းကို မြန်ဆန်ပြီး ပွင့်လင်း မြင်သာစေရေး ဆောင်ရွက်မည်ဖြစ် ကြောင်း ရုရှား တာဝန်ရှိသူများက ဖော်ပြခဲ့ကြပါကြောင်း၊

အလားတူ ရုရှားဖယ်ဒရေးရှင်း နိုင်ငံ၊ စိန့်ပီတာ စဘတ်မြို့၊ လီနင်ဂ ရက်ဒေသ၊ လိုမိုနိုဘောခရိုင်ရှိ ရုရှား ဖယ်ဒရေးရှင်းအုပ်ချုပ်မှုအောက်ရှိ ရေနေဇီဝမျိုးစိတ်အရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ရေးဌာနခွဲ တွင် Rainbow Trout ငါးမျိုးစိတ် မျိုးဗီဇရွေးချယ်ခြင်းနှင့် သားဖောက် မွေးမြူရေးဗဟိုဌာနသို့ သွားရောက် လေ့လာခဲ့ကြောင်း၊ ရုရှားနိုင်ငံတွင် ဘုရင်စနစ် ဖြင့် အုပ်ချုပ်သည့် ၁၀ ရာစုကပင် ငါးဖမ်းခြင်းဆောင်ရွက်ခဲ့ ကြကြောင်း၊ ၁၉ ရာစုမှစ၍ သဘာဝ နည်းဖြင့် ငါးမွေးမြူခြင်း ဆောင်ရွက် မှု လေ့လာတွေ့ရှိရကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် ငါးကဏ္ဍ ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ဝန်ကြီး ဌာနက မွေးမြူ ထုတ်လုပ်မှု လုပ်ငန်း များ တိုးပွားလာရေး ကူညီအားပေး လျက်ရှိကြောင်း၊ စားသုံးသူ ဘေး ကင်းလုံခြုံရေးနှင့် ပြည်ပတင်ပို့ရာ တွင် လိုက်နာရမည့် စံချိန်စံညွှန်းများ ကို လုပ်ငန်းရှင်များဘက်က တိကျ စွာလိုက်နာ ဆောင်ရွက်ရန် လိုအပ် ပြီး ကမ်းနီး ကမ်းဝေး ငါးဖမ်းကုန် ထုတ်လုပ်ငန်းများကို သတ်မှတ် ထားသော စည်းမျဉ်း စည်းကမ်းများ တည်ဆဲဥပဒေများ နှင့် အညီ ဖြစ်စေ ရေး ထိန်းကျောင်း ကြပ်မတ်လျက်ရှိ သကဲ့သို့ ရေရှည်အတွက် GAqP အပါအဝင် ခေတ်မီနည်းပညာအသုံး ပြု၍ ငါး ပုစွန် မွေးမြူ ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာရန် လိုအပ် ကြောင်း၊ စီးပွားရေးတိုးတက်ရန်၊ လူမှုရေးဖွံ့ဖြိုးရန်နှင့် သဘာဝ ပတ် ဝန်းကျင်နှင့် လိုက်လျော ညီထွေရန် ဟူသည့် ဒေါက်တိုင် ၃ ခုဖြင့် ငါး ပုစွန်ကဏ္ဍဖွံ့ဖြိုးလာရေးကို ကြိုးပမ်း သွားမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန် ငါး၊ ပုစွန်များ ပြုပြင်ထုပ်ပိုးမှုလုပ် ငန်းများအနေဖြင့် နိုင်ငံတကာ စံချိန် စံညွှန်းများနှင့် အညီ ထုတ်လုပ်ရေး ကြပ်မတ် ဆောင်ရွက်ကြရန်လို ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြ သူများ၏ ဆွေးနွေးတင်ပြချက်များ အပေါ် ဒုတိယဝန်ကြီးက ရှင်းလင်း ဆွေးနွေးပြီး လိုအပ်ချက်များ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေး သည်။

အလားတူ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်နှင့်မွေးမြူရေးလုပ် ငန်း ညီနောင်အသင်းများမှ တာဝန်ရှိ သူများအား ဆက်လက်တွေ့ဆုံပြီး စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုး လာရန် လိုအပ်နေမှုများ ၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီ ကုန်ချောထုတ်လုပ်မှု အားကောင်း လာစေရေး လုပ်ငန်းစဉ်များ၊ နိုင်ငံ တကာအဆင့်မီ ဈေးကွက်နှင့် ကိုက် ညီသော အရည်အသွေးပြည့် တန်ဖိုး မြင့်ကုန်ချောများပိုမိုတိုးတက် ထုတ် လုပ်နိုင်စေရန် လိုအပ်ချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

**MOALI**

Agribiz News www.agribiznews.com.mm ကြေးမုံ သတင်း

မှ ePaper များကို ရယူလိုက်ပါ

www.agribiznews.com.mm

# ရေသောက်စနစ်များ ရာသီအချိန်မီ အသုံးပြုနိုင်ရေး ဒေသအလိုက် ကွင်းဆင်းဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရေဆင်းဆည်ရေသောက် လက်ယာမြောင်း(၂) ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ စက်တင်ဘာ ၁၉

**ရာဂီမုန်တိုင်းအကြွင်းအကျန် လေပွေလိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုတွင် ထိခိုက်ပျက်စီးခဲ့သော ဆည်တမံ ရေပေးမြောင်း၊ ရေသောက်မြောင်းများ၊ မြစ်ရေတင်လုပ်ငန်းများ ၊ ဆိုလာစနစ်မြေအောက်ရေတင်လုပ်ငန်းများ အချိန်မီပြန်လည်အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် တို့က ဒေသအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။**

စက်တင်ဘာလ ၁၉ ရက်နေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဘဲကုန်းကျေးရွာ မိုးစပါးစိုက်ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနက သက်တမ်းတို စပါးမျိုးများပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးစပါး ထိခိုက်ပျက်စီးခဲ့သည့် လုပ်ကွက်ငယ်တောင်သူများရာသီအချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်တမ်းတို ရက် ၉၀ မျိုးစပါးများ၊ အသင့်ပျိုးထောင်ပြီး ပျိုးပင်များ ထောက်ပံ့ပေးနိုင်ရေး၊ မိုးစပါး ပြန်လည် စိုက်ပျိုးခြင်းအတွက် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်ပေးရေး၊ ကောက်စိုက်စက် အသုံးပြုစိုက်ပျိုးနိုင်ရေးနှင့် လိုအပ်ချက်များ ကူညီပံ့ပိုးပေးနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာရှိ ဆင်သေရေတင်စက်ရုံ ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးနှင့် လက်ယာ(၁)မြောင်းမကြီး ပြုပြင်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ အလားတူ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များ ရှိ ရေဆင်းဆည် ရေသောက်မြောင်းများပြုပြင်နေမှု၊ တပ်ကုန်းမြို့နယ်ရှိ ဆိုလာစနစ် မြေအောက်ရေတင်စက်များ ပြန်လည်အသုံးပြုနိုင်ရန် မွမ်းမံပြင်ဆင်မှု လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များ ကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ မိတ္ထီလာလွင်ပြင်ရှိ ဆည်တမံများ ရေသောက်စနစ်များ ထိခိုက်ပျက်စီးမှုကို အမြန်ဆုံးပြုပြင်အသုံးပြုနိုင်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ်ရှိ မင်းသားကြီးကန်မြေသားပေါင် ထိခိုက် ပျက်စီးမှုများအား ကွင်းဆင်းစစ်ဆေးပြီး စနစ်တကျ ပြန်လည်ပြုပြင်စီမံ၍ ရာသီချိန်အမီ ရေသိုလှောင်နိုင်ရေး နှင့် မူလရေသောက်ဧရိယာ ၂၁၆ ဧကကို စိုက်ပျိုးရေ ပြန်လည်ပေးဝေ နိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

၎င်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်သာစည်မြို့နယ်စမုံရေထိန်းတမံတွင်ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှုများအား စက်ယန္တရားများ အသုံးပြု၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးမှုမရှိသော သီးနှံစိုက် ဧရိယာများအား အမြန်ဆုံး စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြစ်သားမြို့နယ်ရှိ ကင်းတားလက်ဝဲ မြောင်းမကြီး ရေငုတ်ပြွန် နှင့် စမုံရာဘာတမံ ရေကျော်၍ ထိခိုက်ပျက်စီးခဲ့မှု အခြေနေများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရမည့်လုပ်ငန်းစဉ်များ၊ ရေသောက်စနစ်အတွင်း ပုံမှန် ရေပေးဝေနိုင်ရေးအတွက် ရေတင်ပန့်တပ်ဆင်အသုံးပြုနိုင်ရေး နည်းလမ်းများ ရှာဖွေဖော်ထုတ် ဆောင်ရွက်ရန်၊ ကြီးမားသော ထိခိုက်မှုမရှိခဲ့သည့် ဇော်ဂျီရေသောက် ကင်းတားရေသောက်စနစ်များတွင် စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများ ပူးပေါင်းကြိုးပမ်းကြရန် လိုအပ်ချက်များကို တာဝန်ရှိသူများအားဆွေးနွေး မှာကြားသည်။ အလားတူ ဒေသခံတောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီးနှံထိခိုက် ပျက်စီးမှုများအားပြန်လည်ကုစားနိုင်မည့် နည်းလမ်းများနှင့် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာဌာနများမှ ချိတ်ဆက်ရယူပြီး ဒေသ၏ လယ်ယာကုန်ထုတ်စွမ်းအားကျဆင်း မသွားစေရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရန်ဆွေးနွေးမှာကြားခဲ့သည်။

စက်တင်ဘာ ၂၀ ရက်နေ့တွင် ဒုတိယဝန်ကြီး သည် ရှမ်းပြည်နယ် ၊ ရွာငံမြို့နယ် မြို့ကြီး ကျေးရွာအနီးရှိ တမံအမြင့်၂၅၈ ပေ၊ အလျား ၁၄၆၁ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၃၅၉၅၅၀ ဧကပေရှိ မြို့ကြီးရေလှောင်တမံသို့ သွားရောက်ပြီး ရာဂီမုန်တိုင်း အကြွင်းအကျန် လေပွေလိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ကြီးရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျခဲ့မှုအခြေအနေများအား ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား ရေလှောင်တမံ ဘေးကင်း လုံခြုံရေးအတွက် နေ့ ညမပြတ် စောင့်ကြည့်စစ်ဆေးကြရန်၊ ကြိုတင် ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ဇော်ဂျီသောက်စနစ်အတွင်းရှိ မိုးစပါး နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရေး အတွက် လုံလောက်သည့် ရေပမာဏ သိုလှောင်ထားရှိရေး စီမံဆောင်ရွက် ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြို့ကြီးရေလွှဲဆည်၏ အောက်ပိုင်း တူးမြောင်းပေါင်ကာ ကွယ်ထားသည့် ကျောက်ကြီးစီလိုင်နင် ရေတိုက်စားခဲ့မှု အခြေအနေ ကိုလည်းကောင်း၊ တူးမြောင်းအတွင်း ရေကျော်ကျစီးဆင်းမှု မဖြစ်ပေါ်စေရေးအတွက် ရေလွှဲဆည်၏ လိုအပ်သည့် ရေကာနံရံအမြင့် ဆောင်ရွက်နိုင်ရေးနှင့် ရေတံခါး၊ ရေလွှဲဆည် ကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ အလားတူ မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့တွင်း ဇော်ဂျီမြစ်

စာ-၇ သို့



ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော် လဲဖြူရေထိန်းတမံရေပိုလွှဲ ကြည့်ရှုစစ်ဆေး

# တရုတ်သို့ အေးခဲထားသော သစ်သီးများ တင်သွင်းမှုအတွက် Quarantine ဆိုင်ရာလိုအပ်ချက်များကို ဖြေလျှော့

**တ**ရုတ်နိုင်ငံအကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ အောက်ရှိ The Bureau of Import and Export Food Safety သည် ၎င်း၏ "National Food Catalogues of Traditional Trade & Meet the Requirements of Export to China" စနစ်တွင် အေးခဲသစ်သီးများ တင်သွင်း မှုအတွက် လိုအပ်ချက်များကို ပြောင်းလဲဖြေလျှော့ပေးခဲ့ကြောင်း၊ မကြာသေးမီက အသစ်ထပ်မံပြင်ဆင်လိုက်သည့် အချက်အလက်များအရ အေးခဲထားသော သစ်သီးထုတ်ကုန်များအတွက် quarantine access management မလိုအပ်တော့ကြောင်း သိရှိရသည်။

အေးခဲသစ်သီးဝလံများ တင်သွင်းရာတွင် Quarantine ဆိုင်ရာလိုအပ်ချက်များကို အပြည့်အဝဖြေလျှော့ပေးလိုက်သဖြင့် အေးခဲသစ်သီးများအတွက် ပုံမှန် Quarantine စစ်ဆေးမှုလုပ်ငန်းစဉ် များ မလိုအပ်တော့ဘဲ တရုတ်ဈေးကွက်သို့ ဝင်ရောက်နိုင်ပြီဖြစ်သည်။

တရုတ်နိုင်ငံ၏ သွင်းကုန်စာရင်း(import catalog)ထဲရှိ အပင်အခြေခံ အစားအစာများ၏ update စာရင်းတွင် အေးခဲထားသော သစ်သီး အမျိုးအစား မပါဝင်တော့ကြောင်း၊ ဥပမာအားဖြင့် အွန်လိုင်းမေးမြန်းမှုစနစ်တွင် "အေးခဲထားသောဒူးရင်းသီး"ကို ရှာဖွေပါက ၎င်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို ဖော်ပြထားတော့မည်မဟုတ်ကြောင်း၊ ဆိုလိုသည်မှာ အေးခဲထားသော ဒူးရင်းသီးများကို ယခုအခါ quarantine requirement များ မလိုအပ်ဘဲ တရုတ်ဈေးကွက်သို့ တင်သွင်းနိုင်ပြီဖြစ်ပြီး အခြားအေးခဲထားသော သစ်သီးဝလံများလည်း အတူတူပင်ဖြစ်ကြောင်းဖော်ပြထားသည်။



တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ အေးခဲထားသော သစ်သီးများဆိုသည်မှာ စားသုံး၍မရသော အခွံများနှင့် အစေ့များကို ဖယ်ရှားထားသည့် သစ်သီးဝလံများ ဖြစ်ပြီး အပူချိန် အနှုတ် ၁၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၎င်းအပူချိန်နှင့်အောက်ကို အနည်းဆုံး မိနစ် ၃၀ အေးခဲထားရမည်ဖြစ်ပြီး သိုလှောင်စဉ်နှင့်သယ်ယူပို့ဆောင်စဉ် တစ်လျှောက်လုံး အပူချိန်အနှုတ် ၁၈ ဒီဂရီစင်တီဂရိတ်အောက်တွင် ထိန်းသိမ်းထားရမည်ဖြစ်ကြောင်းနှင့် "Code of Practice for the Processing and Handling of Quick Frozen Foods" (CAC/RCP 8-1976)နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်ဟု သိရှိရသည်။

အေးခဲထားသော သစ်သီးဝလံများသည် တရုတ်နိုင်ငံသို့ တင်သွင်းရန်အတွက် quarantine ခွင့်ပြုချက် (သို့မဟုတ်) ဝင်ခွင့်ပါမစ်များ မလိုအပ်တော့သော်လည်း တင်ပို့သည့်နိုင်ငံရှိ ထုတ်လုပ်သည့်စက်ရုံများနှင့် အမြန်အေးခဲသည့်ပစ္စည်းများကို သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်များထံမှတ်ပုံတင်ထားရမည်ဖြစ်ကြောင်း၊ ထိုသို့မှတ်ပုံတင်ခြင်းကို တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)ထံသို့ ဆက်လက်ပေးပို့ရမည်ဖြစ်ပြီး နှစ်ဖက်စလုံးမှ ပြန်လည်သုံးသပ်ပြီး အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ အေးခဲခြင်းနှင့် အအေးခန်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်များကို တင်ပို့သည့်နိုင်ငံရှိတရားဝင်အာဏာပိုင်များ၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရှိရသည်။

**ကေခိုင်ကျော်**

https://www.producereport.com/article/china-lifts-quarantine-requirements-frozen-fruit-imports

# အိန္ဒိယတွင် ကြက်သွန်နီအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချ စားသုံးဆီတင်သွင်းမှုအတွက် အကောက်ခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်

**အိ**န္ဒိယဗဟိုအစိုးရသည် မေ ၁၃ ရက်နေ့က ကြက်သွန်နီအပေါ် ပို့ကုန်ခွန်ကို၂၀ ရာခိုင်နှုန်းအထိ လျှော့ချကာ စားသုံးဆီများတင်သွင်းမှုအတွက် အကောက်ခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၄ ရက်က ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် မကြာမီ ခါရစ် (မိုး) သီးနှံများ ရိတ်သိမ်းချိန် ရောက်ရှိလာတော့မည်ဖြစ်ပြီး၊ ယင်းမတိုင်မီအဆိုပါဆုံးဖြတ်ချက်များ အချိန်ကိုက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အိန္ဒိယပြည်ထဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Amit Shah ဦးဆောင်သော ဈေးနှုန်းများဆိုင်ရာ အစိုးရအဖွဲ့ကော်မတီက ယခုလ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် အဆိုပါ ဆုံးဖြတ်ချက်များအား ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီအပေါ် စည်းကြပ်ကောက်ခံသော ပို့ကုန်ခွန်ကို ၄၀ ရာခိုင်နှုန်းမှ ထက်ဝက်သို့ လျှော့ချရန် ဗဟိုအစိုးရမှ ယခုလ ၁၃ ရက် (သောကြာနေ့) ညနေခင်းပိုင်းတွင် အမိန့်ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ယင်းမတိုင်ခင် တစ်ရက်က ကြက်သွန်နီတင်ပို့မှုအပေါ် သတ်မှတ်ထားသော အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (MEP)၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀ သတ်မှတ်ချက်အား ဖယ်ရှားခဲ့ ကြောင်း သိရသည်။ အိန္ဒိယအစိုးရသည် သီးခြားအမိန့်ကြော်ငြာစာအရ စားအုန်းဆီကြမ်း၊ ပဲပိစပ်ဆီနှင့် နေကြာဆီ အပေါ် သွင်းကုန်ခွန် သုညရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့ပြီး၊ သန့်စင်ပြီး စားအုန်းဆီ၊ ပဲပိစပ်ဆီနှင့်နေကြာဆီများတင်သွင်းမှုအပေါ် အကောက်ခွန် ၁၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၃၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

အစိုးရအနေဖြင့် လယ်သမားများ၏ တိုးတက်မှုအတွက် ကတိပြုထားကြောင်း အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က ဆိုရှယ်မီဒီယာမှတစ်ဆင့် ဖော်ပြပြောကြားခဲ့သည်။ ပို့ကုန်ခွန် လျှော့ချခြင်းဖြင့် ကြက်သွန်နီတောင်သူများအား ဈေးကောင်းများ ရရှိစေရန် ကူညီပေးမည် ဖြစ်ပြီး၊ ကြက်သွန်နီတင်ပို့မှုလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများနှင့် အခြားကြက်သွန်နီနှင့်ပတ်သက်သည့်ကဏ္ဍများကိုလည်း အကျိုးပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယခုကဲ့သို့ အကောက်ခွန် လျှော့ချဖြတ်တောက်ခြင်းကြောင့်ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယ ကြက်သွန်နီ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုအတိုင်းအတာတစ်ခုအထိ ကူညီပံ့ပိုးပေးနိုင်ကြောင်း စိုက်ပျိုးရေး ကုန်စည်များတင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ M Madan Prakash က ပြောကြားခဲ့သည်။ တူရကီ၊ အီဂျစ်နှင့် ပါကစ္စတန်နိုင်ငံတို့က မလေးရှားနိုင်ငံသို့ ကြက်သွန်နီရောင်းချရန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ (C&F) ခန့်ဈေးနှုန်းဖြင့် ကမ်းလှမ်းထားကြောင်း၊ အိန္ဒိယမှ ကြက်သွန်နီဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀ ဝန်းကျင် ဖြစ်နိုင်သည်ဟု ၎င်းက ဆိုသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ဩဂုတ် ၂၉ ရက်အထိ ခါရစ် (မိုး) ရာသီကြက်သွန်နီကို ဟက်တာ ၂ ဒသမ ၉၀ သိန်း စိုက်ပျိုးခဲ့ပြီး လွန်ခဲ့သည့်နှစ်ကာလတူက ၁ ဒသမ ၉၄ သိန်း စိုက်ပျိုးခဲ့သည့်အတွက် ပိုမိုတိုးမြင့်လာကြောင်း Crop Watch Weather Group ၏ အချက်အလက်များအရ သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဇူလိုင် ၃၁ ရက်နေ့အထိ အိန္ဒိယနိုင်ငံမှ ပြည်ပသို့ကြက်သွန်နီ တင်ပို့မှု တန်ချိန် ၂ ဒသမ ၆၀ သိန်းရှိကြောင်းနှင့်ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁၇ ဒသမ ၁၇ သိန်း တင်ပို့ခဲ့ ကြောင်း Economic Times သတင်းဌာနက ယခုလ ၁၃ ရက်က ဖော်ပြထားသည်။

ပြည်ပမှ စားသုံးဆီ တင်သွင်းမှုအတွက် သွင်းကုန်ခွန် စည်းကြပ်မှုအပြင် လယ်ယာအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်ဆောင်းခွန် ၅ ရာခိုင်နှုန်းကို စည်းကြပ်ကောက်ခံ သွားမည်ဟု သိရသည်။ ယင်းသို့ စားသုံးဆီများအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ခံခြင်းသည် အိန္ဒိယလယ်သမားများအား လက်ရှိသီးနှံနှစ်အတွက် သတ်မှတ်ထားသော အနိမ့်ဆုံးထောက်ပံ့ရေးဈေးနှုန်းထက် နှုန်းထားများ ကျဆင်းသွားပြီး နောက် ၎င်းတို့၏ ခါရစ်ရာသီ ဆီထွက်သီးနှံများအတွက် ပိုမိုကောင်းမွန်သော ဈေးနှုန်းများ ရရှိစေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline

# လယ်ယာသန်းခေါင်စာရင်းစီမံကိန်း ဦးဆောင်ကော်မတီနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





၂၀၂၃ ခုနှစ်၊ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းစီမံကိန်း ဦးဆောင် ကော်မတီနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့၏ တတိယအကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်နေ့ ၁၄:၀၀ နာရီ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ်-၄၁၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ စီမံကိန်းဦးဆောင်ကော်မတီနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အမျိုးသားစီမံကိန်းပေါင်းစပ်ညှိနှိုင်းရေးမှူး အပါအဝင် ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတို့မှ ကိုယ်စားလှယ် အဖွဲ့ဝင်များ စုစုပေါင်း ၂၂ ဦးတို့ တက်ရောက်ခဲ့ကြောင်း၊ အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးမှ ၂၀၂၃ ခုနှစ်၊ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း စီမံကိန်း (ရှေ့ပြေးစမ်းသပ်မှု) လုပ်ငန်းအဖြစ် နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် ၂၀၂၄ ခုနှစ်၊ ဧပြီမှ ဇွန် အတွင်း ကွင်းဆင်းစာရင်းကောက်ယူခဲ့မှုအခြေအနေများနှင့် ကောက်ယူရရှိခဲ့သည့် အချက်အလက်များအပေါ် စာရင်းပြုစုတွက်ချက်မှု ကနဦးရလဒ် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ လယ်ယာသန်းခေါင်စီမံကိန်း၏ အမျိုးသားစီမံကိန်းပေါင်းစပ်ညှိနှိုင်းရေးမှူး၊ ဒေါက်တာရဲထွန်းမှ လယ်ယာသန်းခေါင် စီမံကိန်း (ရှေ့ပြေးစမ်းသပ်မှု) လုပ်ငန်းတွင် စာရင်းကောက်ယူပြီးစီးမှု အခြေအနေများနှင့် လယ်ယာသန်းခေါင်စာရင်းအစီရင်ခံစာ ပြုစုရေးသားရန် အတွက် စာရင်းတွက်ချက်မှု ကနဦးရလဒ် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံကိန်းဦးဆောင်ကော်မတီနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက လယ်ယာသန်းခေါင်စာရင်း အစီရင်ခံစာပြုစုထုတ်ပြန်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**SLRD**

## ထိုင်းနိုင်ငံတွင် ငှက်ပျောဈေးမြင့်တက်

**ထိုင်း**နိုင်ငံတွင် ရွှေငှက်ပျောသီးဟု လူသိများသော kluay hom thong ငှက်ပျောသီး၏ ကုန်ကျစရိတ်မှာ ဝယ်လိုအားများလာခြင်းကြောင့် ဘတ် ၃၀ (အမေရိကန်ဒေါ်လာ ၀.၈၉) အထိ မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ Phathalung ပြည်နယ်၊ Bang Kaew ခရိုင်ရှိ ရွှေငှက်ပျောသီးနှင့် သစ်သီးဘေးကင်းရေး အဖွဲ့ Somchai Nunual မှသစ်သီးများ၏ ရေပန်းစားမှု မြင့်တက်လာခြင်းနှင့် ယခင်နှစ်နှောင်းပိုင်းမှစ၍ မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် အထွက်နှုန်းကျဆင်းပြီး ငှက်ပျောသီး ဈေးနှုန်းများ မြင့်တက်လာရခြင်းဖြစ်သည်ဟုဆိုသည်။ ရော်ဘာ၊ စပါးနှင့် ဆီအုန်းကဲ့သို့သော အခြားသီးနှံများထက် ငှက်ပျောစိုက်ပျိုးရေးကို အလေးထားသော Bang Kaew ခရိုင်သည် ငှက်ပျော အထွက်နှုန်း သိသိသာသာ ကျဆင်းနေမှုကို ရင်ဆိုင်နေကြရပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမ ဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ယခုနှစ်တွင် တန်ချိန် ၃၂,၀၀၀ သာ ရိတ်သိမ်း နိုင်ခဲ့ပြီး ယခင်နှစ် စံချိန်တင် တန်ချိန် ၁၂၀,၀၀၀ ထက် သိသာစွာ လျော့ကျသွားကြောင်း သိရှိရသည်။

ယခင်နှစ်က ငှက်ပျောသီး ၁၀၀ လျှင် ပျမ်းမျှဝင်ငွေ ၂၇၈ ဘတ်ရရှိခဲ့မှုသည် ၂၀၂၂ ခုနှစ်က ရရှိခဲ့သော ၂၄၃ ဘတ်ထက် တိုးမြင့်လာပြီး ယခုနှစ်အတွက် ငှက်ပျောသီး ၁၀၀ လျှင် ခန့်မှန်းဝင်ငွေ ၂၉၂ ဘတ်ဖြင့် ငှက်ပျောစိုက်တောင်သူများ၏ ဝင်ငွေလည်း ပြောင်းလဲလာပါသည်။ ထိုင်းနိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သည့် ရွှေငှက်ပျောသီးကို ဂျပန်၊ တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ ဈေးကွက်များသို့ အဓိက တင်ပို့ရောင်းချလျက်ရှိသည်။ ဂျပန်နိုင်ငံ၏ နှစ်စဉ်ခွဲတမ်းတန်ချိန် ၈၀၀၀ ရှိသော်လည်း ထုတ်လုပ်ရာတွင် ဂျပန်နိုင်ငံမှသတ်မှတ်သော အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီရန် စိန်ခေါ်မှုရှိခြင်းကြောင့် ယင်းခွဲတမ်း၏ ထက်ဝက်ခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

**လင်းလဲ့ရည်အောင်**

https://www.freshplaza.com/asia/article/9659009/banana-prices-surge-in-thailand/



စာ-၅ မှ

ပေါ်တွင် တည်ရှိသည့် မင်းရဲရေလွှဲဆည် ကြံ့ခိုင်မှုနှင့် ရေဖြတ်သန်း စီးဆင်းနေမှု အခြေအနေများကို လည်းကောင်း၊ ဇီးတော ရေလွှဲဆည်၏ ရေတံခါး ကြံ့ခိုင်မှုနှင့်ဇော်ဂျီရေထိန်းဆည် ရေဝင်ရောက်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်ချက်များ ဆွေးနွေး မှာကြားသည်။

စက်တင်ဘာ ၂၁ ရက်နေ့တွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ရေကြီးရေလျှံမှု ကြောင့် ပျက်စီးခဲ့သည့် စိုက်ပျိုးမြေများတွင် ရာသီအချိန်မီစိုက်ပျိုးနိုင်ရေး၊ ရေကြီးရေလွှမ်းပြီး နောက် သီးနှံစိုက်ခင်းများတွင် ကျရောက်တတ်သည့် သီးနှံပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် နည်းပညာနှင့် အကူအညီများပံ့ပိုးပေးရန်၊ ရေကျော်ကျမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည် တူးမြောင်းရေသောက်စနစ်များ အချိန်မီ ပြုပြင် ဆောင်ရွက် နိုင်ရေး၊ ပျက်စီးမှုမရှိသည့် မိုးစပါးစိုက်ဧကများအား စိုက်ပျိုးရေ ပေးဝေနိုင်ရေးနှင့် နွေစပါးစိုက်ဧက တိုးချဲ့နိုင်ရေးအတွက် ရေပိုမိုသိုလှောင်ထားရှိရေး ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြစ်သားမြို့အနီး ပန်းလောင် မြစ်ပေါ်တွင်တည်ရှိသည့် စမာရေလွှဲဆည်အနီး ရေတိုက်စားမှုကြောင့် မြေသားဖြင့် ကာကွယ် ထားသည့် ရေတားတာပေါင်အား ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

**MOALI**




မွေးမြူရေးငါးများ၏ အာဟာရဓာတ်လိုအပ်မှုသည် ငါးအမျိုးအစားအလိုက်ကွာခြားမှုရှိပါသည်။

ဥပမာအားဖြင့် အသားစားငါးအုပ်စုဝင်ငါးခူများ၏ အသားဓာတ်လိုအပ်ချက်မှာ ၎င်း၏အစားအစာတွင် အသားဓာတ် ၄၀ ရာခိုင်နှုန်းခန့် ပါဝင်ရန် လိုအပ်ပါသည်။ထို့အတူ အသီးအရွက်စားငါးအုပ်စုဝင်ငါးများအတွက်၎င်းတို့၏ အစား အစာတွင် အသားဓာတ် ၃၀ ရာခိုင်နှုန်းခန့်သာ ပါဝင်ရန် လိုအပ်ပါသည်။

**မွေးမြူရေးငါးများ၏ အစာစားပုံ အလေ့အထများ**

မွေးမြူရေးငါးများ၏ အစာစားပုံ အလေ့အထအရ ငါးများအား အောက်ပါအတိုင်း အုပ်စုများ ခွဲခြားထားနိုင်ပါသည်။

- အသီးအရွက်စားငါးများ(ဥပမာ-တီလားပီးယား၊မြက်စားငါးကြင်း)
- အသားစားငါးများ(ဥပမာ-ငါးခူ၊ ကကတစ် စသည်များ)
- အစုံစားသတ္တဝါများ(ဥပမာ-ငါးကြင်း အုပ်စုဝင်ငါးများ)
- အပင်နှင့် သတ္တဝါမျောလေးစားငါးများ(ဥပမာ-ငွေရောင်ငါးကြင်း)
- ကန်အောက်ခြေမှ အညစ်အကြေးများ စားသုံးသည့်ငါးများ(ဥပမာ- မိဇမ်ဘစ်တီလားပီးယား) ဟူ၍ ရှိသည်။

**မွေးမြူရေးငါးများစားသော အစားအစာအမျိုးအစားများ**

မွေးမြူရေးငါးများ၏ အစားအစာများအား အောက်ပါအတိုင်းအုပ်စုများ ခွဲခြားနိုင်ပါသည်။

(က)သဘာဝအစားအစာများ
(ခ)ဖြည့်စွက်အစားအစာများ
(ဂ)စပ်စာများ
(ဃ)တစ်နိုင်တစ်ပိုင်မွေးကန်များတွင်ပြုလုပ်သော စပ်စာ
(င)စက်ရုံများမှ ထုတ်လုပ်သော စပ်စာအစာတောင့်များဟူ၍ ဖြစ်သည်။

**(က)သဘာဝအစားအစာများ**

၎င်းအုပ်စုသည် ငါးများအတွက် အကောင်းဆုံး အစားအစာများဖြစ်ပြီး အဓိကအားဖြင့် အပင်မျောလေးများ၊ သတ္တမျောလေးများ၊ ကန်အောက်ခြေလွှာတွင်နေထိုင်ကျက်စားသည့် ခရုများ၊ ရေတီများ၊ အင်းဆက်များနှင့်အင်းဆက်သားလောင်းများ၊ရေအောက်အပင်ငယ်များ စသည်တို့ ပါဝင်ပါသည်။

ငါးသည် အသားစားငါးအမျိုးအစားဖြစ်ပါက ငါးငယ်ကလေးများသည် ၎င်းတို့၏ အစားအစာပင်ရင်း ဖြစ်ပါသည်။အချို့ငါးများသည် အစားအစာ တစ်မျိုးတည်းကိုသာ စားသုံးကြပြီး အချို့မှာ တစ်မျိုးထက်ပိုမိုသော အစားအစာများကို စားသုံးလေ့ရှိပါသည်။

**(ခ)ဖြည့်စွက် အစားအစာများ**

ငါးများအား ဖြည့်စွက်စာအဖြစ် ကျွေးမွေးသော အစားအစာများ ဖြစ်ပါသည်။ အများစုမှာ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သော ဖွဲနု၊ ပဲဖတ် စသည်တို့ဖြစ်သော်လည်း ငါးများစားသုံးသောအစားအစာများမှာ အများအပြားရှိပါသည်။မွေးမြူထားသော ငါး၏အမျိုးအစားအပေါ်တွင် မူတည်ပြီး ထမင်းကျန်များ၊ဆန်ကွဲများ၊ပေါင်မုန့်အပိုင်းအစများ၊ဖွဲနု၊ငါးအသားမှုန့်၊ပြောင်းဖူးအစေ့များ၊ဂျုံကြမ်း၊ ဘာလီစပါး၊ စပါးအရိုင်း၊ အာလူး၊ပဲပုတ်ကြိတ်ဖတ်များ၊ပဲဖတ်၊ ပြောင်းဖူးကြိတ်ဖတ်များ၊ဝါစေ့ဆီကြိတ်ဖတ်များ၊အုန်းဆီ ကြိတ်ဖတ်၊ ပိုလျှံသောတိရစ္ဆာန်အသားများ၊ တိရစ္ဆာန် မစင်အညစ်အကြေးများ စသည်ဖြင့် အမျိုးအစားစုံလင်သော ပိုလျှံဘေးထွက်ပစ္စည်းများအားဖြည့်စွက်စာအဖြစ်ကျွေးမွေးနိုင်ပါသည်။

**(ဂ)စပ်စာများ**

စပ်စာများသည် ငါးများစားသုံးရန်အတွက် ဖော်စပ်ထားသော အစားအစာများ ဖြစ်ပါသည်။ ၎င်းတို့အား နှစ်ပိုင်းခွဲခြားနိုင်ပါသည်။ တစ်နိုင်တစ်ပိုင်ငါးမွေးကန်တွင် ပြုလုပ်သော စပ်စာများနှင့် စီးပွားဖြစ် ထုတ်လုပ်သောစပ်စာဖြစ်သည့် အစာတောင့်များ ဖြစ်ကြပါသည်။

**(ဃ)တစ်နိုင်တစ်ပိုင်မွေးကန်များ တွင် ပြုလုပ်သောစပ်စာ**

၎င်းအမျိုးအစား စပ်စာများသည် ဖြည့်စွက်စာများအား အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ပေါင်းစပ်ကျွေးမွေးခြင်း ဖြစ်ပါသည်။ ပြည်တွင်း ငါးမွေးမြူရေးတွင် အဓိကအားဖြင့် ဖွဲနုနှင့်ပဲဖတ်အား သင့်လျော်သလို သီးခြားစီကျွေးမွေးလေ့ရှိပါသည်။ထိုသို့ကျွေးမွေးရာမှ ကြီးထွားနှုန်းပိုမိုကောင်းမွန်စေရန်အတွက် မိမိမွေးမြူထားသော ငါးများ၏ အသားဓာတ်လိုအပ်ချက်နှင့် ကိုက်ညီအောင်ရောစပ်ပြီး ကျွေးမွေးခြင်းဖြစ်ပါသည်။အချို့ငါးကန်များမှ ထုတ်လုပ်သောစပ်စာမှာ ရောစပ်ထားသောအစာအား အလုံးငယ်များ အဖြစ် ထုတ်လုပ်ကျွေးမွေးကြပြီး အချို့သောငါးကန်များတွင်မူ ၎င်းရောစပ်ထားသောအစာအား လက်နှစ်ကြိတ်စက်ဖြင့် အစာတောင့်ပုံစံပြုလုပ်ကျွေးမွေးလေ့ရှိပါသည်။ တစ်နိုင်တစ်ပိုင်ငါးကန်များတွင် အသုံးများသော အစာကုန်ကြမ်းများတွင် ပါဝင်သည့် အာဟာရဓာတ်ပါဝင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အစာကုန်ကြမ်းများတွင် ပျှမ်းမျှအာဟာရဓာတ်ပါဝင်မှု ဆန်းစစ်ချက်ငါးစာကုန်ကြမ်းဟုဆိုရာတွင် ဆန်ကွဲ၊ ဖွဲနု၊ ပြောင်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ငါးအသားမှုန့်၊ ပုစွန်ဖွဲ (အကျိုးအကြေ)၊ အုန်းဆံသား၊ နေကြာစေ့၊ ဂုံးခရုအခွံတို့ ပါဝင်သည်။

ဆန်ကွဲတွင်-ရေငွေ့ရာခိုင်နှုန်း ၁၂ဒသမ ၀၆၊ပရိုတင်း(အသားဓာတ်) ရာခိုင်နှုန်း ၇ ဒသမ ၉၅၊ အဆီဓာတ်ရာခိုင်နှုန်း ၁ ဒသမ ၅၂၊ အမျှင်ဓာတ်ရာခိုင်နှုန်း ၀ ဒသမ ၅၂ ၊ ပြာဓာတ်ရာခိုင်နှုန်း ၁ ဒသမ ၀၂ ၊ ထုံးဓာတ်ရာခိုင်နှုန်း ၀ ဒသမ ၀၃၊ မီးစုံးဓာတ်ရာခိုင်နှုန်း ၀ ဒသမ ၂၀ ပါဝင်သည်။

ဖွဲနုတွင်- ရေငွေ့ရာခိုင်နှုန်း ၁၀ ဒသမ ၉၃၊ ပရိုတင်း(အသားဓာတ်) ရာခိုင်နှုန်း ၁၀ ဒသမ ၃၊ အဆီဓာတ်ရာခိုင်နှုန်း ၁၀ ဒသမ ၉၁၊ အမျှင်ဓာတ်ရာခိုင်နှုန်း ၃ ဒသမ ၇၄၊ ပြာဓာတ် ရာခိုင်နှုန်း ၆ ဒသမ ၂၀၊ ထုံးဓာတ်ရာခိုင်နှုန်း ၀ ဒသမ ၀၆၊ မီးစုံးဓာတ်ရာခိုင်နှုန်း ၁ ဒသမ ၄၇ ပါဝင် သည်။

ပြောင်းတွင်- ရေငွေ့ရာခိုင်နှုန်း ၁၂ ဒသမ ၇၉၊ ပရိုတင်း(အသားဓာတ်) ရာခိုင်နှုန်း ၉ ဒသမ ၄၃၊ အဆီဓာတ်ရာခိုင်နှုန်း ၃ ဒသမ ၉၃၊ အမျှင်ဓာတ်ရာခိုင်နှုန်း ၂ ဒသမ ၁၃၊ ပြာဓာတ်ရာခိုင်နှုန်း ၁ ဒသမ ၈၊ ထုံးဓာတ်ရာခိုင်နှုန်း ၀ ဒသမ ၀၃၊ မီးစုံးဓာတ် ရာခိုင်နှုန်း ၀ ဒသမ ၂၇ ပါဝင်သည်။

မြေပဲဖတ်တွင်- ရေငွေ့ရာခိုင်နှုန်း ၇ ဒသမ ၂၅၊ ပရိုတင်း(အသားဓာတ်) ရာခိုင်နှုန်း ၄၂၊ အဆီဓာတ်ရာခိုင်နှုန်း ၆ ဒသမ ၅၊ အမျှင်ဓာတ်ရာခိုင်နှုန်း ၅ ဒသမ ၀၅၊ ပြာဓာတ်ရာခိုင်နှုန်း ၆ ဒသမ ၆၊ ထုံးဓာတ်ရာခိုင်နှုန်း ၀ ဒသမ၂၊ မီးစုံးဓာတ် ရာခိုင်နှုန်း ၀ ဒသမ ၅၅ ပါဝင်သည်။

နှမ်းဖတ်တွင်-ရေငွေ့ရာခိုင်နှုန်း ၈၊ ပရိုတင်း(အသားဓာတ်) ရာခိုင်နှုန်း ၃၅၊ အဆီဓာတ် ရာခိုင်နှုန်း ၈ ဒသမ ၁၁၊ အမျှင်ဓာတ် ရာခိုင်နှုန်း ၆ ဒသမ ၅၄၊ ပြာဓာတ် ရာခိုင်နှုန်း ၁၀ ဒသမ ၂၄၊ ထုံးဓာတ် ရာခိုင်နှုန်း ၂၊ မီးစုံးဓာတ်ရာခိုင်နှုန်း ၁ ဒသမ ၃ ပါဝင်သည်။

ငါးအသားမှုန့်တွင်-ရေငွေ့ရာခိုင်




စာ-၉ သို့

# တိုးတက်ခေတ်မီ
# အသားတိုးဝက်မွေးမြူရေးဆီ



ဒေါက်တာစိုးမိုးဝင်း(တောင်တွင်းကြီး)

တိရစ္ဆာန်မွေးမြူရေးဟု ပြောကြပြီဆိုလျှင် မိသားစု စားဝတ်နေရေးအရ လုပ်ကိုင်နေသော လုပ်ငန်းမှာ တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ များတွင် အိမ်တိုင်းလိုလို၌ အနည်းဆုံး ဝက်ပေါက်လေးတစ်ကောင်တော့ မွေးမြူထားတတ်ကြ ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ကျေးရွာများတွင် အများစုမှာ လွှတ်ကျောင်းမွေးမြူကြပြီး အစာ ကျွေးချိန်ရောက်မှသာလျှင် ခေါ်ယူကျွေးမွေးလေ့ရှိသည်။ကျွေးမွေးသည့်အစာမှာလည်း ဆန်ကွဲ၊ ဆန်ကြမ်း၊ နှံစားပြောင်း စသည်များကို ဒယ်အိုးထဲထည့်ပြီး ထင်းမီးဖြင့် ကျိုချက်ကာ လယ်တောမှ အပြန် ခူးလာသော အစိမ်းရောင် အရွက်မျိုးစုံ ရောပွမ်းထည့်၍ ကျွေးသည့်အတွက် အစာဖိုး ကုန်ကျစရိတ်မှာ များစွာသက်သာလှပေသည်။

သို့ပါ၍ တစ်နှစ်(သို့) နှစ်နှစ်ထိ မွေးကြပါမှသာဝက်အရှင်အလေးချိန် ပိဿာ ၇၀ မှ ၈၀ ခန့် လောက်သာ ရရှိနိုင်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် လူအပါအဝင် မွေးမြူရေးတိရစ္ဆာန်များ၏ နေထိုင်မွေးမြူ စားသုံးသည့်ပုံစံများမှာ ကျေးရွာများတွင် မွေးမြူရေးလုပ်ငန်းမှ အမြတ်အစွန်းရရန် မတွက်ချက်ကြဘဲ အာဟာရရရှိမှုဆိုင်ရာ အကြောင်းအရာများ (Nutritional factors)ကို မသိခဲ့ကြသောကြောင့် ဖြစ်သည်။ မွေးမြူသူများသည် ၎င်းတို့မွေးထားသော ဝက်ကလေး အစာများများ စားနေလျှင် ကျေနပ်နေဟန်တူပါသည်။

မျက်မှောက်ကာလတွင်မူ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများသည် တစ်ဖက်ရပ် ဝါး (သို့) သစ်သား အကာအရံများ အသုံးပြု၍ တစ်ကောင်မှ ငါးကောင်ထိ ထည့်သွင်းမွေးမြူလာကြသည်။ ဖွဲကြမ်း၊ ဆန်ကွဲ(သို့) ဆန်ကြမ်း ကျိုချက်ကျွေးခြင်းမှသည် ပြောင်းမှုန့်၊ ဖွဲနု၊ အသီးအရွက်များ အာဟာရ စုံလင်အောင် ကျွေး မွေး ပြီး အ ချိ န် တို အ တွ င်း ရောင်း ချနိုင်အောင် ကြိုးစားလာကြပါသည်။ မည်မျှရင်းလျှင် မည်မျှမြတ်မည်၊ ဘယ်နှစ်လမွေးလျှင် အလေးချိန်ဘယ်လောက် ရနိုင်သည်ဆိုသည့် အချက်များကိုပါ တွက်ချက်စဉ်းစားတတ်လာကြပါသည်။ ဆုံးရှုံးနစ်နာမှုများ လျော့နည်းစေရန် မည်သည့်ရာသီ အချိန်၊ မည်သည့်ရောဂါတွေ ဖြစ်တတ်သည်၊ မည်သည့် ရောဂါတွေ မည်သို့ ကြိုတင်ကာကွယ်နိုင်သည်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ကာ မေးမြန်း ဆောင်ရွက်နိုင်ကြောင်းလည်း နားလည် သဘောပေါက်လာကြပြီဖြစ်ပါသည်။

လက်ရှိမွေးမြူသူများကြားတွင် ရေပန်းစားသော Duroc (ဂျူး)၊ Landrace (စီပီဝက်ဖြူ) မျိုး များကို နှုတ်ဖျားမှာ အလွတ်သိနေပြီး ၎င်းမျိုးများမဟုတ်လျှင် မမွေးချင်ကြတော့ပေ။ အဘယ် ကြောင့်ဆိုလျှင် မြန်မာနိုင်ငံမှာသာမက တစ်ကမ္ဘာလုံးက စိုက်ပျိုးမွေးမြူရေး အလေ့အကျင့် ကောင်းများကို အင်တာနက်ဖြင့် လေ့လာတတ်နေကြပြီးဖြစ်ပါသည်။ ဝက်မွေးမြူသူများကလည်း အသားတိုးဝက် ဈေးနှုန်း၊ ဝက်ပေါက်ဈေးနှုန်း၊ မျိုးဝက်မဈေးနှုန်းများကို အချိန်နှင့်တပြေးညီ လေ့ထာထားကြပါသည်။

ယခင်က ဝက်ကလေးတစ်ကောင် ကြိုးချည်မွေးကြသော မိသားစုများမှာ ယခုဆိုလျှင် ကွန်ကရစ်ခင်း၊ သောက်စရာ ရေပိုက်လိုင်းများနှင့် သန့်ရှင်းသပ်ရပ်သော အစာခွက်များ သုံးစွဲကာ ကုမ္ပဏီမျိုးစုံမှ ထုတ်လုပ်သည့် အစာခြောက်များကျွေးမွေးသည့် မွေးမြူရေးစနစ်ကောင်းများဖြင့် ကူးစက်ရောဂါ လွယ်ကူစွာ မကျရောက်ဘဲ အချိန်တိုအတွင်း အကျိုးအမြတ်များစွာ ရရှိစေရန် မွေးမြူနိုင်လျက်ရှိပါသည်။

မွေးမြူရေးကဏ္ဍတွင် အရေးပါလှသည့် အချင်းအရာမှာ များများမွေး များများထုတ်လုပ်နိုင် ရန်ဖြစ်သည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၈၉% သည်ပင်ဝက်သားစားသုံးကြသည့် အတွက် တိုးတက်လာသော ဝက်သားစားသုံးမှုကို ဖြည့်တင်းနိုင်စေရေး တိုးတက်ထုတ်လုပ်ရန်လည်း လိုအပ်လာပြန်ပါ သည်။ ထို့ကြောင့် ပင်ဝက်သားပေါက်မွေးမြူခြင်းနည်းတူ အသားတိုးဝက်မွေးမြူရေးသည်လည်း ဈေးကွက်လိုအပ်ချက်နှင့် အညီ တရှိန်ထိုး တိုးတက်ဖော်ဆောင်လာခဲ့ပြီဖြစ်ပါသည်။

လူသားတို့တွင် "မိဘမျိုးရိုးကောင်းမှ သားသမီးကောင်းမယ်" ဆိုသည့် စကားအတိုင်းပင်တိရစ္ဆာန် မွေးမြူ

စာ-၁၅ သို့

စာ-၈ မှ

နှုန်း ၁၅ ဒသမ ၂၃၊ ပရိုတင်း (အသားဓာတ်) ရာခိုင်နှုန်း ၅၅၊အဆီဓာတ်ရာခိုင်နှုန်း ၃ ဒသမ ၁၊ အမျှင်ဓာတ်ရာခိုင်နှုန်း ဝ ဒသမ ၇၊ ပြာဓာတ်ရာခိုင်နှုန်း ၂၅ ဒသမ ၃၅၊ ထုံးဓာတ်ရာခိုင်နှုန်း ၄ ဒသမ ၅၊ မီးစုံးဓာတ်ရာခိုင်နှုန်း ၂ ဒသမ ၅၈ တို့ ပါဝင်သည်။

ပုစွန်ဖွဲ(အကျိုးအကြေ)တွင်-ပရိုတင်း(အသားဓာတ်)ရာခိုင်နှုန်း ၅၂ ဒသမ ၄၃၊ပြာဓာတ်ရာခိုင်နှုန်း ၁၆ ဒသမ ၉၁၊ ထုံးဓာတ်ရာခိုင်နှုန်း ၇ ဒသမ ၄၃ တို့ ပါဝင်သည်။

အုန်းဆံသားတွင်- ရေငွေ့ဓာတ်ရာခိုင်နှုန်း ၉ ဒသမ ၅၇၊ ပရိုတင်း(အသားဓာတ်)ရာခိုင်နှုန်း ၂၁ ဒသမ ၅၈၊ အဆီဓာတ်ရာခိုင်နှုန်း ၈ ဒသမ ၇၈၊ အမျှင်ဓာတ်ရာခိုင်နှုန်း ၁၁ ဒသမ ဝ၇၊ ပြာဓာတ်ရာခိုင်နှုန်း ၆ ဒသမ ၆၈ တို့ပါဝင်သည်။

နေကြာစေ့တွင်-ရေငွေ့ရာခိုင်နှုန်း ၉ ဒသမ ၄၊ ပရိုတင်း(အသားဓာတ်) ရာခိုင်နှုန်း ၂၅ ဒသမ ၅၃၊အဆီဓာတ်ရာခိုင်နှုန်း ၉ ဒသသမ ၄ တို့ ပါဝင်သည်။

ဂုံးခရုအခွံတွင် ထုံးဓာတ်ရာခိုင်နှုန်း ၃၅ ပါဝင်သည်။

## (င)စက်ရုံများမှထုတ်လုပ်သော စပ်စာအစာတောင့်များ

၎င်းအမျိုးအစားစပ်စာအတောင့်များသည် ငါးအမျိုးအစားအလိုက်နှင့် အရွယ်အစားအလိုက် လိုအပ်သော အာ ဟာ ရ ဓာ တ် တ န် ဖိုး များအား ပြည့်ဝစွာ ပါဝင်အောင် တွက်ချက်ရောစပ်ထုတ်လုပ်ထားသည့်အပြင် ငါး၏အသက်အရွယ်အလိုက် ငါးများစားသုံးနိုင်မည့်အစာတောင့်၏အရွယ်အစားများအလိုက်ခွဲခြား၍ ထုတ်လုပ်ထားပါသည်။၎င်းပြည့်ဝ အစာတောင့်များတွင် သတ်မှတ်ငါးအမျိုးအစားအလိုက်၎င်းတို့လိုအပ်မည့် အာဟာရဓာတ်များ ပြည့်ဝစွာပါဝင်အောင် ထည့်သွင်းပေးထားသည့်အတွက် သဘာဝအစားအစာများအပေါ်မှီခိုရန် မလိုအပ်တော့ပါ။ ယခုအခါရေတွင်နစ်မြုပ်သော အစာတောင့်များသာမက ရေပေါ်တွင်ပေါ်သော အစာတောင့်များကို ပါဝယ်ယူရရှိနိုင်ပါသည်။

ရေပေါ်အစာတောင့်များသည် ရေပေါ်တွင် အချိန်အတိုင်းအတာတစ်ခုအထိ ပေါလောပေါ်နေသောကြောင့် ငါးများအား အစာကျွေးရာတွင် အစာအား ပိုလျှံစွာကျွေးမွေးမိခြင်းဖြင့် အစာလေလွင့်မှုကို ထိရောက်စွာထိန်းသိမ်းနိုင်ပါသည်။ပြည့်ဝအစာတောင့်များသည် အရည်အသွေးမြင့်မားသော်လည်း ၎င်းအစာတောင့်များ၏ ဈေးနှုန်းမှာ မြင့်မားသည့်အတွက် အထူးဂရုစိုက်မွေးမြူသောနည်းစနစ်(Intensive method)တွင် အသုံးပြုသင့်သော်လည်း မိသားစု တစ်နိုင်တစ်ပိုင် အသေးစား ငါးမွေးမြူရေးကန်များအတွက် သုံးစွဲရန် အခက်အခဲရှိနိုင်ပါသည်။

ဇော်ကြီး(ငါးဦးစီး)



# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၁၃)

## ဂျပန်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ

## တိုကျိုတက္ကသိုလ်



(ယခင်အပတ်မှအဆက်)

### (၂) ကမ္ဘာကျော် တိုကျိုတက္ကသိုလ်

(Tokyo University or The University of Tokyo)

စိုက်ပျိုးရေးပညာသင်ကြား၊ သုတေသနပြုမှုနှင့်စိုက်ပျိုးရေး ပညာရှင်များအတွက် စိန်ခေါ် မှုများ စိုက်ပျိုးရေး၊ မွေးမြူရေး သည် ကျွန်တော်တို့မြန်မာနိုင်ငံအတွက် စီးပွားရေးအရ အရေး ပါသောကဏ္ဍ မှပါဝင်နေပြီး နောင်အနာဂတ်တွင်လည်း လက်လွှတ်၍ မရသေးဘဲ ဆက်လက် လုပ် ဆောင်ရဦးမည်မှာ မလွဲကေန်ဖြစ်ပါသည်။ နိုင်ငံတော်၏ ကွဲပြားလျက်ရှိသော ရေ၊ မြေ၊ ရာသီဥတု သဘာဝအရ အပူပိုင်း၊ သမပိုင်း သီးနှံအမျိုးပေါင်း (၆၀) လောက် စိုက်ပျိုးဖြစ်ထွန်း နိုင်ပြီး စပါးသီးနှံမှာ စုစုပေါင်း စိုက်ပျိုးမြေ ဧရိယာ၏ ၅၀ရာခိုင်နှုန်း ကျော်ကျော် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပါသည်။စိုက်ပျိုးရေးကဏ္ဍကြီးမှ နိုင်ငံတော် စုစုပေါင်း အသားတင်ထုတ်ကုန် (GDP)၏ ၂၃ ဒသမ ၆ ရာခိုင်နှုန်း (စိုက်ပျိုးရေး ၁၅ ရာ ခိုင်နှုန်း၊ မွေးမြူ ရေးနှင့် ရေလုပ်ငန်း ၈ ဒသမ ၆ ရာခိုင်နှုန်း)၊ နိုင်ငံခြားဝင်ငွေစုစုပေါင်း (Export Earnings) ၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်း၊ အလုပ်လုပ်ကိုင်သူစုစုပေါင်း(Labor Force) ၏ ၅၉ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်ပတ်သက် နေပါသည်။ (MOALI, Myanmar Agriculture in Brief, 2022)

နိုင်ငံအများစုမှာ ဘက်စုံလွှမ်းခြုံမှုကို သင်ပေးသော တက္ကသိုလ်များ (Comprehensive Universities) ဖြစ်ပြီး တက္ကသိုလ်တိုင်းတွင် မဟာဌာန (Faculty) သို့မဟုတ် ကောလိပ် (College) များဖြင့် ဖွဲ့စည်းပါသည်။ နိုင်ငံတကာတွင် စိုက်ပျိုး ရေးပညာ သင်ကြားပေးလျက် ရှိသော တက္ကသိုလ်၊ ကောလိပ်၊ မဟာဌာနများကို ဇယား-၁ ပါအတိုင်းတွေ့ရပါမည်။

ဇယား-၁

နိုင်ငံတကာနှင့်အာရှတိုက်ဒေသတွင်း စိုက်ပျိုး၊မွေးမြူရေး (ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများပေးနိုင်သော) တက္ကသိုလ်များအရေအတွက် (၂၀၂၃-၂၀၂၄)

| စဉ် | နိုင်ငံ | လူဦးရေ (သန်း) | (တက္ကသိုလ်ပေါင်း) အစိုးရ | ပုဂ္ဂလိက |
|---|---|---|---|---|
| ၁ | အိန္ဒိယ | ၁၄၅၁ | ၆၇ | ၂၄၁ |
| ၂ | တရုတ် | ၁၄၁၉ | *(၇၉) | - |
| ၃ | ဘင်္ဂလားဒေ့ရှ် | ၁၇၄ | ၁၀ | ၅ |
| ၄ | ဂျပန် | ၁၂၄ | ၅၃ | ၁၅ |
| ၅ | မလေးရှား | ၃၂ | *(၁၄) | - |
| ၆ | ထိုင်းနိုင်ငံ | ၇၂ | ၂၄ | ၂ |
| ၇ | ဖိလစ်ပိုင် | ၁၁၉ | ၂၄ | ၂၃ |
| ၈ | ဗီယက်နမ် | ၁၀၁ | *(၁၆) | - |
| ၉ | မြန်မာ | ၅၅ | #၃ | - |

* အစိုးရ၊ ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်ပေါင်း

# မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောနှင့်ပတ်ဝန်းကျင် တက္ကသိုလ် ၃ ကျောင်းပါ၊ ဤဘာသာရပ်များသင်ပေးသော ပုဂ္ဂလိက တက္ကသိုလ်၊ကောလိပ်များ မကြား မိသေးပါ။

ဇယား-၁အရ ဂျပန်နိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း အဆင့်မြင့် ပညာသင်ကြားပေးသော တက္ကသိုလ်၊ ကောလိပ် စုစုပေါင်း ၆၈ ကျောင်း (အစိုးရ (Public Universities) ၅၃ ကျောင်းနှင့် ပုဂ္ဂလိက (Private Universities) ၁၅ ကျောင်း) ရှိပါသည်။

ဘွဲ့ရ ၁၀၀-ဦးလျှင် ဘာသာရပ်အလိုက်ဘွဲ့ရရှိသောလူဦးရေ (ရာခိုင်နှုန်း) ကို ဇယား-၂ တွင် လေ့လာနိုင်ပါသည်။

### (၂) တိုကျိုတက္ကသိုလ်

(The University of Tokyo ဂျပန်လို Tokyo Daigaku - Todai ခေါ်ပါသည်)

တိုကျိုတက္ကသိုလ်သည် ဂျပန်နိုင်ငံတွင် ပထမဆုံး ၁၈၇၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော နာမည်ကြီး တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ် အမှတ်စဉ် ၈၁ ခုမြောက်ဖြစ်ပါသည်။ ဥပဒေ၊ ဆေး၊ အင်ဂျင်နီယာ၊ စာပေ၊ သိပ္ပံ၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ဝိဇ္ဇာ၊ ပညာရေးနှင့် ဆေးဝါးဗေဒသိပ္ပံမဟာဌာန ၁၀ ခု ရှိပါသည်။ (Faculties of Law, Medicine Engineering, Letters, Science, Agriculture, Economics, Arts, Education and Pharmaceutical Science)၊ ဘွဲ့လွန်သင်တန်း ကျောင်းပေါင်း ၁၅ ခု (15 Graduate Schools)၊ (Research Institute) သုတေသနဌာန ၁၁ ခုနှင့် တက္ကသိုလ်အခြေစိုက်အထူးပြုဌာန (University-wide Centers) ၁၃ ခု ရှိပါသည်။ ၂၀၂၁-၂၂ ပညာသင်နှစ်တွင် ပါမောက္ခ ၁၃၉၁ ဦး အပါအဝင် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးဆရာ၊ ဆရာမပေါင်း (Academic Staff {Teaching staff}) ၅၉၁၄ ဦးနှင့် အထောက်အကူပြုဝန်ထမ်း (Administrative, Technical & Others {non-teaching staff}) ၄၆၁၂ ဦးရှိပြီး ဘွဲ့ကြိုကျောင်းသား/သူပေါင်း ၁၃၉၆၀ ဦးနှင့် ပါရဂူကျောင်းသား/သူ ၅၈၂၇ ဦးအပါအဝင် ဘွဲ့လွန်ကျောင်းသား/ သူပေါင်း ၁၃၄၁၇ ဦးရှိသော နာမည်ကြီးတက္ကသိုလ် ဖြစ်ပါသည်။ စုစုပေါင်းဧရိယာ အကျယ်အဝန်း ၃၂၀၀၀-ဟက်တာ ကျော် ကျော် ရှိပါသည်။ တိုကျိုတက္ကသိုလ်သည် အစိုးရ၊ ပုဂ္ဂလိက ကုမ္ပဏီပေါင်း ၄၈၀-ကျော်နှင့် ချိတ်ဆက်ထားပါသည်။ စာကြည့်တိုက်တွင် ဂျပန်နှင့် အခြားဘာသာရပ် စုစုပေါင်းမှာ (စာအုပ်၊ စာတမ်း၊ ဓာတ်ပုံ၊ e-Books) အရေအတွက် ၁၀ သန်း

စာ-၁၁ သို့

ဒေါက်တာမျိုးကြွယ်

ဇယား - ၂

ဘွဲ့ရ ၁၀၀-ဦးတွင် ဘာသာရပ်အလိုက်ဘွဲ့ရရှိသောလူဦးရေ(ရာခိုင်နှုန်း) (၂၀၂၀)

| ဘာသာရပ်များ (ရာခိုင်နှုန်း) | မြန်မာ | ဖိလစ်ပိုင် | ဂျပန် | အမေရိကန် |
|---|---|---|---|---|
| စိုက်ပျိုး၊ မွေးမြူ၊ သစ်တော | ၀.၅ | ၂.၂ | ၂.၆ | ၁.၀ |
| ပညာရေး | ၂.၃ | ၁၃.၃ | ၇.၂ | ၉.၅ |
| အင်ဂျင်နီယာ၊ သတင်းအချက်အလက်နည်းပညာ | ၃.၉ | ၁၁.၅ | ၁၇.၁ | ၇.၂ |
| ကျန်းမာရေး၊ဆေးပညာ၊ သွားဆေး၊ သူနာပြု | ၁.၃ | ၁၅.၇ | ၁၃.၀ | ၁၇.၃ |
| လူမှုရေးသိပ္ပံ၊ စီးပွါးရေး၊ ဥပဒေ | ၁၄.၁ | ၃၁.၅ | ၂၇.၀ | ၃၆.၄ |
| ဝန်ဆောင်မှု | ၀.၃ | ၄.၉ | ၈.၅ | ၇.၇ |
| ဝိဇ္ဇာနှင့်လူမှုရေးဘာသာရပ်များ | ၃၄.၄ | ၂.၁ | ၁၄.၇ | ၁၁.၉ |
| ရိုးရိုးသိပ္ပံ | ၄၃.၂ | ၁၄.၀ | ၃.၁ | ၈.၉ |
| ဘာသာရပ်ခွဲခြားမရ | ၀.၀ | ၄.၈ | ၆.၈ | ၀.၁ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

Source – UNESCO/World Bank

စိုက်ပျိုးရေး၊ မွေးမြူရေးတက္ကသိုလ်သီးသန့်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ် ဘာသာ ရပ်ပေါင်းစုံ သင်ကြားပေးသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံပေါင်းစုံဖြစ်ပါသည်။

စာ-၁၀ မှ
နီးပါးရှိပါသည်။ နိုင်ငံတကာ ကျောင်းသား ၄၆၂၄ ဦး လက်ရှိပညာသင်ကြား၊ သုတေသနပြုလုပ်လျက်ရှိပါသည်။ဂျပန်ဝန်ကြီးချုပ် ၆၄ ဦးတွင် ၁၆ ဦးမှာ ဤတက္ကသိုလ် ဘွဲ့ရကျောင်းသားဟောင်းများ ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟာဌာနတွင်ရှိသော ဌာနများမှာ-

(က) စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဇီဝဗေဒဌာန (Department of Agricultural and Environmental Biology)အောက်တွင် သင်ကြား သုတေသနပြုနေသော ဘာသာရပ်များမှာ အပင် မျိုးမွေးမြူရေးနှင့်ဗီဇဗေဒ (Plant Breeding and Genetics)၊ အင်းဆက်ဗီဇနှင့်ဇီဝ သိပ္ပံပညာ (Insect Genetics and Bioscience)၊ သီးနှံသိပ္ပံပညာ (Crop Science)၊ ဥယျာဉ်ခြံ သီးနှံသိပ္ပံ (Horticultural Science)၊ အသုံးချကီပိုးမွှားဗေဒ (Applied Entomology)၊ အပင်ဂေဟဗေဒနှင့် ရုပ်သွင်ပညာ (Plant Ecology and Morphology)၊ အပင်ရောဂါဗေဒ (Plant Pathology)၊ ဇီဝစာရင်းအင်းပညာ နှင့် စာရင်းအင်းဆိုင်ရာဗီဇဗေဒ (Biometrics and Statistical Genetics) စသည်တို့ ဖြစ်ပါသည်။

(ခ) အသုံးချဇီဝဓာတုဗေဒဌာန (Department Applied Biological Chemistry) အောက်တွင်သင်ကြားပေးသော ဘာသာရပ်များမှာ အပင် မော်လီကျူးဆိုင်ရာဇီဝကမ္မဗေဒ (Plant Molecular Physiology)၊ အပင် အာဟာရနှင့် မြေသြဇာ (Plant Nutrition and Fertilizer)၊ ဇီဝနှင့်သြဂဲနစ် ဓာတုဗေဒ (Biological and Organic Chemistry)၊ မြေဆီလွှာသိပ္ပံ (Soil Science) နှင့် အစားအသောက်သိပ္ပံ (Food Science)ဆိုင်ရာ ဘာသာရပ်ခွဲ များ (Nutritional Biochemistry, Food Chemistry, Food Biochemistry, Food Biotechnology, etc.) စသည်တို့ဖြစ်ပါသည်။

(ဂ) ဇီဝနည်းပညာဌာန (Department of Biotechnology) အောက်တွင် မော်လီကျူးနှင့် ဆဲလ်မွေးမြူမျိုးပွားခြင်း (Molecular and Cellular Breeding)၊ ဇီဝသတင်းအချက်အလက်အင်ဂျင်နီယာပညာ (Bio information Engineering)၊ ကစော်ဖောက်ခြင်းနှင့်အသုံးချအဏုဇီဝဗေဒ (Fermentation and Applied Microbiology) ဘာသာဖြင့် သင်ကြားသုတေသန ပြုနေပါသည်။

(ဃ) သစ်တောသိပ္ပံဌာန (Department Forest Science) အောက်တွင် သစ်တောရုက္ခနှင့် သတ္တဗေဒ (Forest Botany and Forest Zoology)၊ သစ်ပင်စိုက်ပျိုးပြုစုမှုဘာသာ (Silviculture)၊ သစ်တောများထိန်းသိမ်း အုပ်ချုပ်ခြင်း (Forest Management)၊ သစ်တောဆိုင်ရာမူဝါဒနှင့်အသုံးချ ခြင်း (Forest Policy & Utilization) သစ်တောဇလဗေဒနှင့် မြေယာအလှ ဆင်ခြင်းပညာ(Forest Hydrology and Landscape Planning, Design) စသည်ဖြင့် သင်ကြားသုတေသနပြုနေပါသည်။

(င) ရေလုပ်ငန်းဆိုင်ရာဇီဝသိပ္ပံဌာန (Department Aquatic Bioscience) အောက်တွင် ရေလုပ်ငန်းဆိုင်ရာ မော်လီကျူးဇီဝဗေဒ (Aquatic Molecular Biology)၊ ငါးလုပ်ငန်းဆိုင်ရာဇီဝဗေဒ (Fisheries Biology)၊ ငါးရောဂါ ဗေဒ သုတေသန (Fish Diseases Research)၊ ရေလုပ်ငန်းဇီဝဗေဒနှင့် ပတ်ဝန်းကျင်သိပ္ပံ (Aquatic Biology and Environmental) စသည်ဖြင့် သင်ကြားသုတေသနပြုနေပါသည်။

(စ) စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ် စီးပွားရေးပညာဌာန (Department of Agricultural and Resource Economics) တွင် လယ်ယာစီးပွားရေး ထိန်းသိမ်းမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး (Farm Business Management and Rural Development)၊ စိုက်ပျိုးမွေးမြူရေးသမိုင်း (Agricultural History)၊ စိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးမှု စီးပွားရေးပညာ (Agricultural and Development Economics)၊ အစားအသောက်နှင့်အရင်းအမြစ် စီးပွား ရေး ပညာ (Food and Resource Economics)၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် စေရန် ဘဏ္ဍာရေးပညာ (Rural Development Finance) စသည်များကို သင်ကြားသုတေသနပြုလျက်ရှိနေပါသည်။

(ဆ) ဇီဝနှင့် ပတ်ဝန်းကျင်အင်ဂျင်နီယာဌာန (Department of Biological and Environmental Engineering) အောက်တွင် မြေယာပတ်ဝန်းကျင် အင်ဂျင်နီယာ(Land Environmental Engineering)၊ရေအရင်းအမြစ် ပတ်ဝန်းကျင်အင်ဂျင်နီယာ (Water En-vironmental Engineering)၊ မြေဆီလွှာရူပဗေဒနှင့် မြေဆီလွှာ ဇလဗေဒ (Soil Physics and Soil Hydrology) တို့ သင်ကြား သုတေသနပြုနေပါသည်။

(ဇ) အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသိပ္ပံဌာန (Department of Global Agricultural Science) တွင် ဂျပန်နိုင်ငံတွင်သာမက နိုင်ငံရပ်ခြား တိုင်းပြည် များတွင် လိုအပ်လျက်ရှိသော စိုက်ပျိုး၊ မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေး ပြဿနာများကို ပူးပေါင်းဖြေရှင်းပေးလိုသော သဘောဖြင့်(Fisheries Science) နိုင်ငံတကာတိရစ္ဆာန် ထုတ်လုပ်ခြင်းပညာ (Global Animal Production)၊ ငါးသိပ္ပံပညာ (Fish Science)၊ နိုင်ငံတကာအပင်စိုက်ပျိုး ထုတ်လုပ်ခြင်းပညာနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်သိပ္ပံပညာ (International Development and Agro- Environmental Sciences)တို့ကို ပူးပေါင်းလေ့လာသင်ကြား၊ သုတေသနပြုနေ သော ဌာနဖြစ်ပါသည်။

သုတေသနကိုအခြေခံသောတက္ကသိုလ် (Research–based University) ဖြစ်သည့် အလျောက် တက္ကသိုလ်ရှိ စုစုပေါင်း ပါမောက္ခ ၁၃၉၁ ဦး တွင် စိုက်ပျိုးရေးမဟာဌာနရှိ ပါမောက္ခ ၉၄ ဦး၊ တွဲဖက်ပါမောက္ခ ၁၀၇၄ ဦး တွင် စိုက်ပျိုးရေးမဟာဌာနတွင် ၈၈ ဦးရှိကာ စိုက်ပျိုးရေး ပညာဘွဲ့ကြို ကျောင်းသား ၆၆၀ ဦး နှင့် ဘွဲ့လွန် ကျောင်းသား/သူ ၁၀၉၇ ဦးကို ဦးဆောင် သင်ကြား သုတေသနပြုလျက်ရှိပါသည်။

ဤတက္ကသိုလ်တွင် မြန်မာနိုင်ငံမှ ဒေါက်တာနေမျိုးအောင်၊ ဒေါက်တာယဉ်ယဉ်နွယ်တို့ စိုက်ပျိုးရေး ပါရဂူဘွဲ့ရခဲ့ပြီး၊ ဒေါ်ဖြူမာဝင်းက မဟာစိုက်ပျိုးရေးသိပ္ပံရရှိခဲ့ကာ ဒေါ်ချိုဇင်ဝင်း သည် မဟာစိုက်ပျိုး ရေးသိပ္ပံ သင်တန်းတက်ရောက်လျက်ရှိပါသည်။

ကျွန်တော်တို့အဖွဲ့သည် ၂၀၁၆-ခုနှစ်တွင် တိုကျိုတက္ကသိုလ်၊ စိုက်ပျိုးရေးမဟာဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ (MOU – Memorandum of Understanding) လက်မှတ် ထိုးရန် ညှိနှိုင်းဆွေးနွေးခဲ့ ပါသည် (ပုံ)။



**မြန်မာနိုင်ငံအတွက် အတုယူစရာများ (Lessons Learned)**

(၁) စိုက်ပျိုး၊ မွေးမြူရေးပညာများကို ပြည်နယ်နှင့်တိုင်းရှိ အစိုးရ တက္ကသိုလ်၊ ကောလိပ် သိပ္ပံများ (Public Universities) ထဲမှ အနည်းဆုံး တစ်ကျောင်းစီ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောဘွဲ့ရများဦးဆောင်သော စိုက်ပျိုးမွေးမြူရေးနှင့်သက်ရှိသိပ္ပံ မဟာဌာန (Faculty of Agriculture and Life Sciences) (သို့မဟုတ်) စိုက်ပျိုးမွေးမြူရေးနှင့် အစားအသောက် မဟာ ဌာန (Faculty of Agriculture and Food)/ ကောလိပ် (College of Agriculture and Food) စသည်တို့ စတင်ထူထောင်ပေးဘို့ အချိန်ရောက်ပါ ပြီ၊ သို့မှသာ ပြည်နယ်နှင့်တိုင်း (သို့မဟုတ်) ဝေးလံခေါင်ဖျားမှ တိုင်းရင်းသား များ၊ ကျေးလက်လူငယ်များ မိမိဒေသအတွက် တိုက်ရိုက်အသုံးဝင်သော စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် ပတ်ဝန်းကျင် ဘာသာရပ်များကို မိမိဒေသ တွင်ပင် ငွေကုန်ကြေးကျနည်းပါးစွာ၊ အမှတ်မမီသော်လည်း မိမိဒေသတွင်း လိုအပ်ချက် ဖြင့် ပညာသင်ကြားနိုင်ပါလိမ့်မည်။ (မလိုအပ်သော ဘာသာရပ် များ သင်ယူပြီး ဘွဲ့ရရှိရန်၊ ဓာတ်ပုံရိုက်ချိတ်ဆွဲရန်ထက် မိမိဒေသတွင်း အထူး လိုအပ်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်ရေး ဘာသာ ဥပမာ - စီးပွားရေး (Business and Agricultural Economics)၊ ပညာရေး (Education)၊ စိုက်ပျိုး၊ မွေးမြူရေး (Agriculture)၊ ရေလုပ်ငန်း (Fishery and Aquaculture)၊ စိုက်ပျိုးရေးနှင့် အစားအသောက် အင်ဂျင်နီယာ ဘာသာရပ်များ (Agricultural and Food Engineering) စသည်တို့ဖြစ်ပါသည်)

(၂) အခြားနိုင်ငံရှိ တက္ကသိုလ်များကဲ့သို့ ဗဟိုမှချုပ်ကိုင်မှုလျှော့ချပြီး (Decentralization) ပါမောက္ခချုပ်နှင့်အဖွဲ့အား တက္ကသိုလ်ကောင်စီ (University Council)၊ စီမံခန့်ခွဲမှု ဘုတ်အဖွဲ့များ (The Board of Trustees) က ကြပ်မတ်ထိန်းကြောင်းပေးပြီး တိုင်းပြည်အတွက် လိုအပ်လျက်ရှိသော ဘာသာရပ်အသစ် (New Subjects/New Courses)၊ သုတေသနစင်တာ (New University Research Centres) အသစ်များကို လွှယ်ကူလျင်မြန်စွာ တည်ထောင် နိုင်ပါလိမ့်မည်၊ ဥပမာ - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အိန္ဒိယနိုင်ငံမှ တည်ထောင်ပေးသော အဆင့်မြင့်စိုက်ပျိုးရေးနှင့် သုတေသန ဌာန (ACARE – Advanced Centre for Agricultural Research and Education)

အမေရိကန်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသန ပြုပေးနေသော တက္ကသိုလ်များအကြောင်း ဆက်ရေးပါဦးမည်။

**ဒေါက်တာမျိုးကြွယ်**

(ဆက်လက်ဖော်ပြပါမည်)




## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၁၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ဧယာဆန်အလတ်စ တစ်တင်းခွဲအိတ်ကို ၇၉၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၈၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၁၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၀၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ဇူလိုင်လအတွင်း ရေကြီးနစ်မြုပ်မှုများနှင့် ဖျက်ပိုးကျရောက်မှုများရှိခဲ့ခြင်း၊ လယ်ယာသုံးသွင်းအားစုများ ဈေးမြင့်နေခြင်း၊ ဆန်ဟောင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်း၊ စက်တင်ဘာလအတွင်း ရေကြီးနစ်မြုပ်မှုများ ထပ်မံကြုံတွေ့ရခြင်းအခြေအနေများကြောင့် ဆန်စပါးဈေးနှုန်းများ ယခင်ရက်သတ္တပတ်နည်းတူ ဈေးနှုန်းအမြင့်တွင် တည်ငြိမ်နေခဲ့ပြီး စားသုံးသူများမှလည်း ပုံမှန်ဝယ်ယူမှုသာရှိကြောင်းသိရသည်။

ထိုအခြေအနေများအရ ပြည်တွင်းစားသုံးမှုများသော ဆန်အမျိုးအစားများနှင့် ပြည်ပ ပို့ကုန်ဆန်အမျိုးအစားများအားလုံး ယခင်ရက်သတ္တပတ်နည်းတူ ဈေးနှုန်းအမြင့်တွင် တည်ငြိမ်လျက်ရှိကာ အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရသည်။ အထက်ပါ ဆန်ဈေးနှုန်းများမှာ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားသော ၂၀၂၄ ခုနှစ်၊ စက်တင်ဘာအတွက် သင့်တင့်မျှတသော ဈေးကွက် ဈေးနှုန်းများပင်ဖြစ်သည်။ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့ကြီးများ၏ လက်လီဈေးကွက်များတွင် ရည်ညွှန်းဈေးနှုန်းများထက် ၈ ရာခိုင်နှုန်းခန့်သာ ပိုသောဈေးနှုန်းများဖြင့် လက်လီ ရောင်းချပေးနိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်သည်။ ရန်ကုန်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်တင်ပို့ခွင့်ကာလကုန်ဆုံးသွားပြီဖြစ်သော်လည်း ပြည်တွင်း၌ ပြောင်းအဟောင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်း၊ မွေးမြူရေးအစာစက်ရုံများမှ ပုံမှန်ဝယ်ယူမှုရှိ ခြင်း၊ သွင်းအားစုစရိတ်များနှင့် သယ်ယူပို့ဆောင်စရိတ်များဈေးမြင့်နေခြင်းတို့ကြောင့် အစေ့ထုတ် ပြောင်းဈေးနှုန်းများ ယခင်ရက်သတ္တပတ်၏ ဈေးနှုန်းများအတိုင်း ဈေးနှုန်းအမြင့်တွင် တည်ငြိမ်နေခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၉၃၉၆၀ ကျပ်ဖြစ်သည်။ ၎င်းဈေးနှုန်းမှာ ဩဂုတ် တတိယရက်သတ္တပတ်မှ ယခု စက်တင်ဘာ စတုတ္ထရက်သတ္တပတ်တိုင်အောင် ဈေးငြိမ် အရောင်း အဝယ်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

## စားဖိုဆောင်သီးနှံ

ရေကြီးနစ်မြုပ်မှုများကြောင့် ကုန်ပျက်စီးမှုများရှိခြင်းနှင့် လမ်းပန်းခက်ခဲမှုများကြောင့် ကုန်အဝင်နည်းခဲ့ရာမှ ကုန်စည်များ တဖြည်းဖြည်းဝင်ရောက်လာနိုင် ခြင်းကြောင့် စားဖိုဆောင်သီးနှံအချို့၏ ဈေးနှုန်းများ ယခင်ရက်သတ္တပတ်ထက် အနည်းငယ်ဈေး နိမ့်လာကြောင်း တွေ့ရသည်။ ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲ၊ မြားနီ၊ ပန်းတနော် ငရုတ်ရှည်များ ကုန်အဝင်ပိုလာခြင်းကြောင့်အနည်းငယ်ဈေးနိမ့်လာခဲ့ပြီး ငရုတ်ခြောက်(လတ်)နှင့် ငရုတ်ခြောက် (ပွ)မှာ ကုန်အဝင်မရှိသလောက်နည်းခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးငြိမ်လျက်ရှိသည်။ ငရုတ်ခြောက်(ရှည်၊ လတ်၊ ပွ) တစ်ပိဿာ လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၈၅၀၀-၁၁၀၀၀-၁၀၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၀၀၀-၁၁၀၀၀-၁၀၅၀၀ ကျပ်ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ပန်းရဲ၊ မြားနီ၊ ပန်းတနော်၊ မိုးထောင်(မြစ်ဝ)၊ ဆင်ဖြူကျွန်း(ပု)၊ မြစ်ဝ(ပု) ငရုတ်မှာ ကုန်ဝင်ရောက်မှုရှိကြောင်းသိရသည်။ ကြက်သွန်နီ(ထူး၊ လတ်၊ သေး)မှာ ကုန်အဝင်ပုံမှန်ရှိသော်လည်း အသေးစ၊ အလတ်စများခြင်းနှင့် ဝယ်လိုအား နည်းခြင်းကြောင့် ယခင်အပတ်ထက် အနည်းငယ်ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ကြက်သွန်နီ(ထူး၊ လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၃၅၀-၂၀၇၅-၁၅၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၂၅၀-၁၉၀၀-၁၄၂၅ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ရန်ကုန်ဈေးကွက် သို့ ဆိပ်ဖြူ၊ မြင်းခြံ၊ပခုက္ကူ၊ မုံရွာ၊ တောင်သာ၊ မိတ္ထီလာ ဒေသများမှ ကုန်ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ ကုန်အဝင်ပုံမှန်ရှိလာခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအား များခြင်းကြောင့် အနည်းငယ် ဈေးမြင့်လာခဲ့ပြီး ကြက်သွန်ဖြူ(ကြူကုတ်)မှာ ထိုင်းနယ်စပ်မှ တစ်ဆင့်ကုန်ဝင်ရောက်မှုရှိလာခြင်းကြောင့် ကုန်အဝင်ပိုလာသော်လည်း စားသုံးသူများမှ ဝယ်ယူ မှုနည်းလာခြင်းကြောင့်ယခင်အပတ်ထက်ဈေးနိမ့်လာခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာ လျှင် ယခင်အပတ်က ၁၁၄၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၁၇၅၀ ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာ လျှင် ယခင်အပတ်ဈေးနှုန်းမှာ ၁၈၄၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၈၂၅၀ ကျပ်ဖြစ်သည်။ ရှမ်းအာလူးနှင့် တရုတ်အာလူးများ ကုန်အဝင်အနည်းငယ်ပိုလာခြင်းကြောင့် ယခင်ရက်သတ္တပတ်ထက် အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ တရုတ်အာလူးတစ်ပိဿာလျှင် ယခင်အပတ် ၈၀၀၀ ကျပ်မှ ယခု အပတ်ဈေး ၆၅၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ အောင်ပန်းအာလူး(S1၊ OK၊ A1) တစ်ပိဿာလျှင် ယခင်အပတ်က ၆၅၀၀-၅၅၀၀-၄၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၅၅၀၀-၅၀၀၀-၄၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

## စားသုံးဆီဈေးကွက်

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်း ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၆၈၅၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းထက်တစ်ပိဿာလျှင် ၁၃၀ ကျပ်နှုန်း ဈေးမြင့်လာ ခဲ့ခြင်းဖြစ်သည်။ မေလစတုတ္ထရက်သတ္တပတ်မှစတင်ကာ စားအုန်းဆီ ရည်ညွှန်းဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပလက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် စားအုန်းဆီများအား ရောင်းချပေးလျက်ရှိသည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာလျှင် ၁၅၀၀၀ ကျပ်ဝန်းကျင်ရှိပြီး ဝယ်ယူရရှိရန်လည်း ခက်ခဲကြောင်းသိရသည်။

အေးသန္တာဝင်း

စာ-၁၃ မှ

ကြောင့် ယခင်အပတ် ၁၉၈၀၀၀ကျပ်မှ ၁၉၅၀၀၀ကျပ်သို့ ဈေးနိမ့် သွားသည်။ အစေ့ ထုတ်ပြောင်းဈေးအနေဖြင့် အဝင်ပုံမှန်အစာစပ်သမား ဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၃တင်းတစ်အိတ် ၈၇၀၀၀ကျပ်မှ ၈၉၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။

## သစ်သီးဝလံ

ဝမ်းတွင်း၊ ချောင်းဦး၊ အုန်းတောမှ ဖရဲသီးများ လှိုင်လှိုင်ဝင်ရောက်နေပြီး အရည်အသွေးပေါ်မူတည်၍ ၈၀၀ကျပ်မှ ၁၀၀၀ကျပ်၊ ညောင်ပင်ဝန်း၊ ဆားတောင်မှ သဘော်သီးတစ်လုံး ၁၅၀၀ကျပ်၊ ၂လုံးတစ်ထုပ် ၂၀၀၀ကျပ်၊ ထောပတ်သီး ၁၂၀လုံး ပါအိတ်တစ်အိတ် ၃၀၀၀၀မှ ၄၀၀၀၀ကျပ်၊ ရှာင်ဘက်မှ ပင်မှည့်သီး ၂၀၀လုံး ပါကင်တစ်အိတ် ၄၀၀၀၀ကျပ်၊ လိမ္မော်သီး ၂၀ ပိဿာဝင်တစ်ခြင်း ၁၀၀၀၀၀ကျပ်၊ ပန်းသီးအိတ်စွပ် ၂၈ လုံးပါတကာဒ် ၈၀၀၀၀ကျပ်ဖြင့် ပြင်ဦးလွင်၊ ပုဂံ၊ ညောင်ဦးနှင့် မန္တလေးဝန်းကျင်မှ အမှာရှိသော မြို့များသို့ တင်ပို့မှုရှိသည်။

ခင်မေကြည်

## ဆန်

ဆန်အသစ်မဝင်သေးခြင်း၊ ရွှေဘိုဒေသတစ်ခုထဲမှ ထွက်ရှိသော ဆန်ဖြစ်ခြင်း၊ အဝင်နည်းခြင်းရှိသော်လည်း မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် ရွှေဘိုပေါ်ဆန်း တစ်အိတ် ၁၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရန်ကုန်ပေါ်ဆန်းမှာ မိုးများသဖြင့် အရောင်းအဝယ်အေး ခြင်းကြောင့် တစ်အိတ် ၁၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မနောသုခဆန်မှာ နွေစပါးအဝင်နည်းသွားခြင်း၊ လူလတ်တန်းစား အများသုံးဆန်ဖြစ်၍ စားသုံးရန်ဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ်မှ ၉၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ငစိန်ဆန်နှင့် ဧယာဆန်မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝင်ရောက်သော ဆန်ဖြစ်ပြီး ငစိန်ဆန်မှာ မုန့်လုပ်ငန်းရှင်များ ဝယ်ယူမှုနည်းခြင်းကြောင့် ၈၀၀၀၀ကျပ်မှ ၇၈၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားပြီး ဧယာဆန်မှာ အဝင်ပုံမှန် မြို့တွင်းစားသုံးရန် ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧရာမင်းဆန်မှာ အဝင်နည်း၊ ဝယ်ယူမှုနည်းသော်လည်းတစ်အိတ် ၁၄၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

## ဆီထွက်သီးနှံနှင့် ဆီ

မိုးမြေပဲအဝင်ရှိခြင်း၊ လက်ကျန်လှောင်သမား ထုတ်ရောင်းမှုရှိခြင်းကြောင့် လုပ်ငန်းသမားအဝယ်ပုံမှန်ရှိသော်လည်း ၁၀၀ပိသာ အရည်အသွေးအကောင်းဆုံး ၉၀၀၀၀၀ကျပ်မှ ယခုအပတ် ၈၅၀၀၀၀ကျပ်သို့လည်း ကောင်းမြေပဲ (ဆီဆန်)မှာလည်း ဆီစက်သမား အဝယ်ပုံမှန် ရှိသော်လည်း အသစ်ဝင်ရောက်မှုရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၁၀၀ ပိသာ ၈၄၀၀၀၀ ကျပ်မှ ၇၆၀၀၀၀ကျပ် သို့ ဈေးသိသိသာသာ နိမ့်သွားသည်။

နှမ်းမျိုးစုံအနက်မှာ နှမ်းဖြူမှာ မိုးနှမ်းအဝင်နည်းသွားခြင်း၊ လုပ်ငန်းသမားအဝယ် ပုံမှန်ရှိခြင်း ကြောင် အရည်အသွေးအကောင်းဆုံး ၄၅ ပိသာ ယခင်အပတ် ၃၅၀၀၀၀ကျပ်မှ ၄၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းနက်(စမုံ)မှာ မိုးနှမ်းအဝင်နည်းခြင်း လုပ်ငန်းသမားအဝယ်ရှိခြင်းကြောင့် တရုတ်ဝယ်လက်နည်း သော်လည်း ၄၅ ပိသာ ၆၀၀၀၀၀ကျပ်မှဲ ၆၄၀၀၀၀ ကျပ်သို့ ဈေးမြင့်သွား သည်။

ပန်းနှမ်းမှာ လက်ကျန်နည်း ပစ္စည်းရှားပြီး စတင်စိုက် ပျိုးရန် ပြင်ဆင်ချိန်ဖြစ်၍ အရောင်းအဝယ်မရှိဘဲ ယခင်လဆန်းပိုင်း ဈေးနှုန်းအတိုင်း ၄၅ ပိသာ ၂၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နေကြာဈေးနှုန်းမှာ မိုးနေကြာစိုက်ဧကနည်း၊ အဝင်မရှိ သလောက်နည်းသေးခြင်း ဆောင်းနေကြာစိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်းကြောင့် အရောင်းအဝယ်အေးပြီး လဆန်းပိုင်းဈေးနှုန်းအတိုင်း ၂၇ ပိသာ ၂၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။




ပဲဆီတစ်ပိသာ ၁၇၀၀၀ကျပ်, နှမ်းဆီ ၁၆၀၀၀ကျပ် ပဲပုတ်ဆီ ၁၂၀၀၀ကျပ်၊ ပန်းနှမ်းဆီ ၁၄၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်) ရမည်းသင်းဘက်မှ ဝင်ရောက်ပြီး အဝင်နည်းခဲ့ခြင်းကြောင့် တစ်ပိသာ ၁၄၀၀၀ကျပ်ထိ ဈေးမြင့်နေပြီး ငရုတ်ခြောက်(လတ်)မှာ တစ်ပိသာ ၈၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ Air con ဖြင့်ထားသော ငရုတ်ခြောက်လတ်မှာ တစ်ပိသာ ၁၅၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။ ဧရာဝတီတိုင်းမှ ဝင်ရောက် သော ငရုတ်ခြောက်(ပွ)မှာ သဘာဝသီးတစ်ပိသာ ၁၅၀၀၀ကျပ်၊ Air con ပွ တစ်ပိသာ ၂၀၀၀၀ ကျပ် ထိ ဈေးမြင့်နေသည်။

မြစ်သားကြက်သွန်မရှိသလောက် ရှားနေပြီး ထီးဆောင်း၊ မြင်းမူနယ်စုံ ကြက်သွန်များ လက်ကျန်နည်းသွားခြင်း၊ မြို့တွင်းသုံးဝယ်ယူမှုများခြင်းကြောင့် ကြီးတစ် ပိသာ ၂၃၀၀မှ ၂၅၀၀ကျပ်၊ လတ်တစ်ပိသာ ၂၀၀၀ ကျပ်မှ ၂၃၀၀ကျပ်၊ သေးတစ်ပိသာ ၁၇၀၀ ကျပ် မှ ၂၀၀၀ကျပ်သို့ ဈေးအသီးသီးမြင့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိသာ ၁၇၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကြက်သွန်ဖြူ(ရှမ်း)မှာ လက်ကျန်နည်းခြင်း အရောင်းအဝယ် ဖြစ်မှု ရှိခြင်းကြောင့် အရည်အသွေးအနိမ့်ဆုံး ၉၀၀၀ကျပ်မှ ၁၀၀၀၀ကျပ်၊ အရည်အသွေး အကောင်း ဆုံး ၁၄၀၀၀ကျပ် ဈေးရှိသည်။ ရွှေဘိုရွှေပန်းကုံးမှ ထွက်သော ကြက်သွန်ဖြူ(မြန်မာ)များလည်း တွေ့ ရပြီး အရည်အသွေး ပေါ်မူတည်၍ တစ်ပိသာ ၁၆၀၀၀မှ ၁၈၀၀၀ထိ ဈေးမြင့်နေသည်။

အာလူးဈေးနှုန်းမှာ အောင်ပန်း၊ တရုတ်နှင် မျိုးစုံဝင်ရောက်မှုရှိပြီး တရုတ်အားလူး အဝင်နည်း ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကြောင့် တစ်ပိသာ ၆၅၀၀ကျပ်ရှိပြီး အောင်ပန်းအာလူးမှာ အိုကေ တစ်ပိသာ ၆၀၀၀၊ အေးဝမ်း ၅၅၀၀၊ ဖွဲ ၅၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။

ချင်းဈေးနှုန်းအနေဖြင့် အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်ပိသာ ၄၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ပဲမျိုးစုံ

မတ်ပဲမှာ လက်ကျန်နည်းခြင်း၊ ပဲခွဲစက်များဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ယခင်အပတ် ၃၇၀၀၀၀ကျပ်မှ ယခုအပတ် ၃၈၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲတီစိမ်း(အညာ)မှာ မိုးပဲတီစိမ်း ဝင်ရောက်သော်လည်း အဝင်နည်းသေးခြင်း၊ ထွက်ရှိရာ ဒေသအလိုက် ဈေးကွာခြားခြင်းတို့ကြောင့် အရည် အသွေးအညံ့ဆုံး ၃ တင်းတစ်အိတ် ၁၇၀၀၀၀ ကျပ်မှ ၁၈၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး အရည်အသွေးအကောင်းဆုံးမှာ ၂၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

ပဲစဉ်းငုံ (ဖြူ/နီ)တို့မှာ လက်ကျန်နည်း ပစ္စည်းရှားခြင်း၊ အရောင်းအဝယ်အေးခြင်း၊ စိုက်ပျိုး ထားဆဲကာလဖြစ်ခြင်းတို့ကြောင့် ယခင်အပတ်ဈေးနှုန်းအတိုင်း ပဲစဉ်ငုံ (ဖြူ) ၃တင်းတစ်အိတ် ၄၃၅၀၀၀ကျပ်၊ ပဲစဉ်းငုံ(နီ) ၄၆၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲ (လုံးဖြူကြီး)မှာ လက်ကျန်နည်း ပစ္စည်းရှားခြင်း၊ လုပ်ငန်းသမားပုံမှန် ဝယ်ယူမှု ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၃၁၂၀၀၀ကျပ်မှ ၃၁၅၀၀၀သို့လည်းကောင်း ၊ ကုလားပဲ (လုံးဝါကြီး) မှာ အဝင်ပုံမှန် မြို့တွင်းစားသုံးရန် ခွဲစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၈၅၀၀၀ ကျပ် ခွဲခြမ်းတစ်ပိသာ ၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ်(ရှမ်း/မြန်မာ)တို့အနက် ပဲပုတ် (မြန်မာ)မှာ မိုးပဲဝင်ချိန်ဖြစ်သော်လည်း မဝင်သေးခြင်း၊ ဆောင်းပဲလက်ကျန်နည်းခြင်းတို့ကြောင့် ၃ တင်းတစ်အိတ် ယခင်အပတ် ၃၉၀၀၀၀ကျပ်မှ ယခုအပတ် ၄၃၀၀၀၀ကျပ် သို ဈေးမြင့်သွားပြီး ပဲပုတ်(ရှမ်း)မှာ ဆီစက်သမားအဝင်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၉၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်းကြီးမှာ အသစ်မဝင်သေးခြင်း၊ ပဲခွဲစက်များ ဝယ်ယူမှုရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၁၈၃၀၀၀ကျပ်မှ ၁၈၅၀၀၀ကျပ်သို့ ဈေးမသိ မသာ မြင့်သွားပြီး မြေထောက်ပဲမှာ လုပ်ငန်းသမား/ ပဲကြော်/လှော်သမား အဝင်နည်းခြင်းကြောင့် အရောင်းအဝယ်အေးပြီး အရည်အသွေး အကောင်းဆုံး ၃တင်းတစ်အိတ် ၃၆၅၀၀၀ကျပ်မှ ၃၅၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ စားတော်ပဲ (ကျွန်း)မှာ အဝင်နည်း လက်ကျန်နည်းခြင်း၊ လက်လီသမား အဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၄၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲကြီး(ကြီး/သေး)တို့မှာ မိုးပဲဝင်ချိန်နီး၍ လှောင်သမား ထုတ်ရောင်းမှုရှိခြင်း လုပ်ငန်းသမား အဝင်နည်းခြင်းတို့ကြောင့် ၃ တင်းတစ်အိတ် ၃၀၀၀၀၀ကျပ်၊ ပဲကြီး(သေး)မှာလည်း လက်လီသမား အဝယ်ရှိခြင်းကြောင့် တစ်အိတ် ၂၄၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ထောပတ်ပဲ(ကြီး/သေး) တို့မှာ လုပ်ငန်းသမားအဝယ်နည်းခြင်း အသစ်ဝင်ချိန်နီး၍ လှောင်းသမားထုတ်ရောင်း မှုရှိခြင်းတို့ကြောင့် ထောပတ်ပဲ(ကြီး) ၃တင်းတစ်အိတ် ယခင်အပတ် ၄၃၀၀၀၀ကျပ်မှ ၄၀၀၀၀၀ကျပ်သို့ ဈေးနိမ့် သွားပြီး ထောပတ်ပဲ (သေး)မှာ လက်လီသမား အဝယ်ရှိခြင်းကြောင့် ၃၂၀၀၀၀ကျပ်မှ ၃၄၅၀၀၀ ကျပ် သို့ ဈေးမသိမသာ နိမ့်သွားသည်။

## ဂျုံနှင်အစေ့ထုတ်ပြောင်း

ဂျုံလက်ကျန် နည်းသော်လည်း လက်ကျန်အရည်အသွေးညံ့ခြင်း၊ မိုးများသဖြင့် အရောင်းအဝယ်အေးခြင်း မြို့တွင်း ဂျုံစက်များ အဝယ်နည်းခြင်းတို့ကြောင့် မြင်းမူ၊ မြောင်၊ ငါန်းဇွန်း၊ ဆာတောင်၊ မုံရွာ၊ ဘုတလင်၊ ဂျုံများ ယခင်အပတ် ၃တင်းတစ်အိတ် ၂၂၀၀၀၀ကျပ်မှ ယခုအပတ် အရည်အသွေးနိမ့် ၂၀၅၀၀၀ကျပ် အရည် အသွေးကောင်း ၂၁၅၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ ရှမ်းဂျုံများမှာ ဂျုံထွက်နည်း၍ အရောင်းအဝယ်အေးခြင်း

စာ-၁၂ သို့

ကြေးမုံငယ်

# သဘာဝကပေးအစာနှင့်ဆေး

# ပုစွန်စာ

ဝသန်ချိန်ခါ လယ်ကန်သင်းရိုးတစ်လျှောက် အလေ့ကျပေါက်ရောက်သည့် အပင်များထဲတွင် ပုစွန်စာပင်လည်း တစ်မျိုးအပါအဝင်ဖြစ်၏။ ပုစွန်စာပင်၏ အင်္ဂလိပ်အမည်မှာ Knot grass ဟု ခေါ်ဆိုပြီး ရုက္ခဗေဒအမည်မှာ Polygonum aviculare – L. ဟုခေါ်ဆိုကာ မျိုးရင်း Polygonaceae တွင်ပါဝင်၏။ ယင်းအပင်သည် မြေထဲပင်လယ်ဒေသတွင်းရှိ နိုင်ငံများတွင် သဘာဝအလျောက် စတင်ဖြစ်ထွန်းပေါက်ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် ဥရောပတိုက်ရှိနိုင်ငံများနှင့် အာရှတိုက်ရှိ သမပိုင်းရာသီဥတုရှိသည့်ဒေသများတွင် ပေါက်ရောက်၏။

ပုစွန်စာပင်သည် မြေကပ်ပေါက်သည့် တစ်နှစ်ခံ အပင်ငယ်တစ်မျိုးဖြစ်၏။ နီဖွေးဖွေးရွက်ရိုးတံပေါ်တွင် အရွက် သေးသေးချွန်ချွန် အရိုးပွပွသေးငယ်သောပန်းပွင့်ဖြူလေးများ ပွင့်တတ်သည့် အပင်မျိုးဖြစ်၏။ ပုစွန်စာပင်သည် လမ်းဘေးဝဲယာရှိ မြေလွတ်များ၊ ရထားလမ်းဘေးတစ်လျှောက်နှင့် ပင်လယ်ကမ်းခြေတစ်လျှောက်တို့တွင် သဘာဝ အလျောက် ပေါက်ရောက်သည့်အပင်မျိုးဖြစ်၏။

ပုစွန်စာပင်တွင် ဖော့စ်ဖရပ်စ်၊ ကယ်လ်စီယမ်၊ ဇင့်၊ ဆီလီစီယမ်၊ အောက်ဇာလစ်အက်စစ်၊ ပရိုတင်း၊ သကြားနှင့် တန်နင်ဓာတ်တို့ ကြွယ်ဝစွာပါဝင်၏။ ပုစွန်စာပင်၏ အရွက်နှင့် အစေ့တို့ကို အသုံးပြုကြ၏။

ပုစွန်စာရွက်သည် ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ချောင်းဆိုးရင်ကြပ်ခြင်း၊ အာသီးရောင်ရမ်း နာခြင်း၊ အရေပြားယားနာဖြစ်ခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း၊ သွားဖုံးရောင်နာဖြစ်ခြင်းနှင့် သွားဖုံးသွေးယိုစီး ခြင်းတို့ကို သက်သာနိုင်စွမ်းတို့ကို ပေးစွမ်းနိုင်၏။

- ပုစွန်စာပင်၏အမြစ်ကို သွားဖုံးသွေးယိုစီးခြင်းနှင့် သွားဖုံးရောင်နာဖြစ်ခြင်းတို့အတွက် ဆေးဝါးအဖြစ် အသုံးပြု ကြ၏။
- ပုစွန်စာပင်တွင် ဆီလီကာနှင့် ဖလေဗာနွိုက်တို့ပါဝင်ခြင်းကြောင့် သွေးကြောများ၏ ကျန်းမာရေးကို တိုးတက် ကောင်းမွန်စေနိုင်စွမ်းရှိ၏။ ထို့အပြင် သွေးလည်ပတ်မှုကို အားကောင်းစေခြင်း၊ နှလုံးအတွင်းရှိ စိတ်ဖိစီး မှုများကို လျှော့နည်းစေနိုင်စွမ်းရှိခြင်းနှင့် လေဖြတ်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်းတို့ရှိ၏။
- ပုစွန်စာပင်တွင်ပါဝင်သည့် ဖီနိုလစ်ကွန်ပေါင်းတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် အဖုအကြိတ်ကို ဆန့်ကျင်နိုင်စွမ်းရှိသည့်အတွက် ကင်ဆာရောဂါဖြစ်ပွားနိုင်မှုကို သက်သာစေနိုင်၏။
- အအေးမိနှာစေးချောင်းဆိုးဖြစ်ခြင်း၊ အာသီးယောင်နာဖြစ်ခြင်းတို့အတွက် ပုစွန်စာရွက်ကို အခြောက်ခံပြီး လက်ဖက်ခြောက်ပြုလုပ်ကာ ရေနွေးကြမ်းပြုလုပ်သောက်သုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။
- ပုစွန်စာပင်တွင် ဆီလီကာနှင့် ဖလေဗာနွိုက်တို့ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် သွေးကြောများ၏ ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေပြီး သွေးလည်ပတ်မှုကို အားကောင်းစေပြီး နှလုံးအတွင်းမှ စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်စွမ်းရှိ၏။
- သွားဖုံးရောင်ခြင်းနှင့် သွေးယိုစီးခြင်းဝေဒနာခံစားနေရသူများအတွက် ပုစွန်စာပင်မှ ထုတ်ယူရရှိသည့် အဆီကို ပဋိဇီဝအာနိသင်ရှိသည့် အာလုပ်ကျင်းဆေးအဖြစ် အသုံးပြုခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။



Knotgrass ~ Polygonum aviculare

- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် ဖလေဗာနွိုက်နှင့် ဖီနိုလစ်အက်စစ်တို့ ကြွယ်ဝစွာပါဝင်သော ပုစွန်စာရွက်သည် ခန္ဓာကိုယ်အတွင်း ရောဂါများဝင်ရောက်လာခြင်းကို တားဆီးဟန့်တားနိုင်စွမ်းရှိ၏။
- ကျောက်ကပ်ကျောက်တည်ခြင်းရောဂါအတွက် အသုံးအတည့်ဆုံးသော သဘာဝဆေးဝါးတစ်လက်မှာ ပုစွန်စာ ပင်ဖြစ်၏။ ဆီးလမ်းကြောင်းတစ်လျှောက်တွင် နာကျင်ခြင်းအတွက်လည်း ဆေးဝါးအဖြစ် အသုံးပြုကြ၏။



- အရေပြားကျန်းမာရေးနှင့် အရေပြားပေါ်တွင်ဖြစ်ပွားတတ်သည့် ရောဂါအမျိုးမျိုးအတွက် ပုစွန်စာရွက်ကို လိမ်းဆေးအဖြစ် အသုံးပြုကြ၏။ ပုစွန်စာရွက်တွင် ဖလေဗာနွိုက်နှင့် အစွမ်းထက်လှသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း များစွာပါဝင်ခြင်းကြောင့် အရေပြားကျန်းမာရေးကို ကောင်းမွန်စေပြီး တင်းရင်းစေကာ ပိုမိုနုပျို ကျစ်လစ် လှပနိုင်စွမ်းရှိ၏။
- ပုစွန်စာရွက်တွင် ပါဝင်သည့် အာဟာရဓာတ်များသည် နာတာရှည်အားနည်းခြင်း၊ နာကျင်ခြင်းနှင့် စိတ်ဖိစီးမှုတို့မှ သက်သာစေနိုင်၏။
- အူလမ်းကြောင်းအတွက်ရှိ ဘက်တီးရီးယားပိုးများကို တိုက်ဖျက်နိုင်စွမ်းရှိသည့် ပုစွန်စာရွက်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် ဝမ်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ အားနည်းခြင်းနှင့် ဖျော့ဖျော့ခြင်းဝေဒနာတို့ကို သက်သာစေနိုင်၏။
- သန်ကောင်၊ တုတ်ကောင်များကြောင့် ဗိုက်နာခြင်း၊ အားနည်းခြင်း၊ အရေပြားယားယံခြင်း၊ ခံတွင်းပျက်ခြင်းနှင့် သွေးဝမ်းသွားခြင်းဝေဒနာများအတွက် ပုစွန်စာရွက်ကို စားသုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

ပုစွန်စာရွက်ကို တစ်နှစ်ပတ်လုံး ရရှိနိုင်သော်လည်း ယခုလို မိုးရာသီကာလတွင်စျေးထဲတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်၏။



- ပုစွန်စာရွက်နုလေးများကို အစိမ်းအတိုင်းသော်လည်းကောင်း၊ ရေနွေးဖျောပြီး လျှင်သော်လည်းကောင်း ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ခရမ်းချဉ်သီးထောင်း၊ ခရမ်းချဉ်သီးပန်ထွေဖျော်၊ ငရုတ်သီးထောင်း၊ ငါးပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။
- ပုစွန်စာရွက်နုများကို အခြောက်လှန်း၊ အမှုန့်ပြုလုပ်ပြီးလျှင် ပန်ကိတ်၊ ဘီစကစ်နှင့် မုန့်မျိုးစုံပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်၏။
- ပုစွန်စာရွက်များကို အခြောက်ခံကာ လက်ဖက်ခြောက်အဖြစ် ရေနွေးပွက်ပွက်ဆူထဲထည့်ကာ ဆေးဖက်ဝင် ရေနွေးကြမ်းအဖြစ် ပြင်ဆင်သောက်သုံးနိုင်၏။
- ဗီယက်နမ်နိုင်ငံတောင်ပိုင်းတွင် ပုစွန်စာရွက်ကို ဟင်းချိုရည်ခပ်ဟင်းရွက်အဖြစ်လည်းကောင်း၊ ဟော့ပေါ့ထဲ ထည့်သွင်းစားသုံးနိုင်သည့် ဟင်းသီးဟင်းရွက်အဖြစ်လည်းကောင်း စားသုံးကြ၏။
- ပုစွန်စာရွက်ကို မုန့်နှစ်နှင့် ရောနယ်၊ ပုစွန်ကပ်ပြီး ပုစွန်စာရွက်ကြော်အဖြစ် ပြုလုပ်စားသုံးနိုင်၏။
- ကြက်သွန်ဖြူခားပြားရိုက် ဆီသတ်၊ ပုစွန်ခြောက် မညက်တညက်ထောင်း/ပုစွန်အစိုဆီသတ်၊ မွှေးလာပြီဆိုလျှင် ခရမ်းချဉ်သီးအနည်းငယ်ထည့်မွှေ၊ ပြီးလျှင် ပုစွန်စာညွန့်လေးများထည့်၊ ဆား၊ ဟင်းခတ်မှုန့်၊ ခရုဆီလေး အနည်းငယ်ထည့်ပြီး သမအောင်မွှေကြော်ပြီးလျှင် အလွန်အရသာရှိသော ပုစွန်စာရွက်ကြော်လေး ရ၏။ရိုးရှင်းပြီး အရသာရှိကာ ထမင်းမြိန်စေ၏။
- ပုစွန်စာရွက်ညွန့်နုလေးများကို ကြက်ရိုးပြုတ်၊ ငါးဟင်းခါးရည်တို့ထဲတွင်လည်း ခပ်ပြီး အရည်သောက်ဟင်းချက်စားလျှင်လည်း ကောင်း၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ပုစွန်စာပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်

ကျောဖုံးမှ

တတ်ကြောင်းသိရသည်။

ယင်းသို့ ရေကြီးရေလျှံမှုများကို ကာကွယ်ပေးရန် အပါအဝင် စိုက်ပျိုးရေ/သောက်သုံးရေ ရရှိရေး၊ မြေအောက်ရေ ရရှိရေး၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများအတွက် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းတွင်ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းထိန်းသိမ်းခြင်းလုပ်ငန်းများ ကို ဆော င် ရွ က် ပေး လျ က် ရှိ သည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုကို အထိုက် အလျောက်ကာကွယ်ပေးရန်နှင့် ပြည်တွင်းစားနပ်ရိ က္ခာ ဖူ လုံ ရေး ၊ စို က် ပျိုး ရေ လုံလောက်စွာ ရရှိရေးအတွက် နိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း ရေအားအဆောက်အအုံ ၈၈၀ ခုကို ထိန်းသိမ်းထားရှိကာ စိုက်ပျိုးရေပေးဝေနိုင်သည့် စိစစ်ဧကပေါင်း ၃၁ သိန်းကျော် ရှိကြောင်း သိရသည်။

ယခု ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်ပေါင်း ၂၄၆ ခုမှ ၅၄ ခုတွင် ရေပိုလွှဲမှ ရေကျော်ခြင်းသာဖြစ်ခဲ့သည်။ ယင်းရေကျော်မှုများသည် စိုးရိမ်စရာ အခြေ အနေမရှိကြောင်းကိုလည်း သက်ဆိုင်ရာဌာနက ထုတ်ပြန်ချက်များကို အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများသည် တိုင်ဖွန်းမုန်တိုင်း ရာဂီကြောင့် ဖြစ်ပေါ်လာသော မိုးတိမ်များမှ မိုးအဆက်မပြတ်ရွာသွန်းခဲ့ခြင်းနှင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် တည်ရှိသော မြစ်ချောင်းနှင့် မြောင်းများ တိမ်ကောကျဉ်းမြောင်းလာခြင်းတို့ကြောင့် ထိခိုက်ဆုံးရှုံးမှုများ များပြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုးတက်များပြားလာသော လူဦးရေအတွက် နေရာချဲ့ထွင်ခြင်း၊ ချောင်းနှင့်မြောင်းများအတွင်း ရေစီးဆင်းနှုန်းအား လျော့ပါးစေနိုင်သည့် သီးနှံများ စိုက်ပျိုးခြင်းတို့ကြောင့် ပုံမှန် စီးဆင်းရမည့် ရေများ မစီးဆင်းနိုင်တော့ဘဲ ရေလျှံမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့်လည်း ဆည်များ တည်ဆောက်ရာတွင် ဖြစ်ပေါ် လာ နို င် သ ည့် သ ဘာ ဝ ဘေး အန္တရာယ်များကို ကြိုတင်တွက်ချက်ကာ တည်ဆောက်ထားခြင်းဖြစ်ပြီး အခြေအနေအရ ရေကျော်မှုများဖြစ်ပေါ်လာပါကလည်း ရေထုတ်မြောင်းများနှင့် ကျော်ကျလာသော ရေများကို တာတမံများနှင့် ရေလွှဲဆည်များ တည်ဆောက်ကာ ရေကြီးရေလျှံမှု သက်သာစေရန် ဆောင်ရွက်ထားကြောင်းသိရသည်။

ထိုမှတစ်ဆင့်ရေများကို မြစ်များအတွင်း ရေများ လျင်မြန်စွာ စီးဆင်းနိုင်ရေးအတွက် ချောင်း၊ မြောင်းများ တူး ဖော် ခြ င်း ၊ ရှိ ပြီး သား ချော င်း မြောင်းများကိုလည်း ရေစီးရေလာကောင်းမွန်စေရန် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပေါ်မှု မရှိစေရေး အ တွ က် အ များ ပြ ည် သူ များ အနေဖြင့် သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပြီး အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့ချနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ဇော်လင်းထွဋ်**

စာ-၉ မှ

ရေးလုပ်ငန်းတွင်လည်း အရေးကြီးသည့်အရာသည် မျိုးရိုးဗီဇ(Gene) ကောင်းသည့် မျိုး(Breeds) ရွေးချယ်မှု မှန်ကန်ရပေမည်။ ဝက်သားပေါက်မွေးမြူရေးတွင် မျိုးဝက်မတွင်ရှိရမည့် လက္ခဏာများ၊ မျိုးဝက်သိုးတွင် ရှိရမည့်လက္ခဏာများ အစရှိသ ဖြ င့် သေ ချာ ရွေး ချ ယ် သ င့် ပေ သည်။ "အစကောင်းမှ အနှောင်းသေချာမည်"ဆိုသကဲ့သို့ပင် စတင်မွေး မြူ သ ည့် အ ချိ န် က တ ည်း က ဆောက် လုပ်သည့်ခြံစနစ်၊ မွေးမြူသည့်မျိုး၊ ကျွေးမွေးသည့်အစာများ စနစ်ကျသေချာမှသာ အောင်မြင်မည် ဖြစ်ပါသည်။

"ခြံအတွင်း မည်သူမှမလာရ" ဆို င်း ဘု တ် ချိ တ် ဆွဲ ထား ရုံ မျှ နှ င့် မျက်စိဖြင့်မမြင်ရသောရောဂါ ပိုးမွှားများ မလာတော့မှာ မဟုတ်ပေ။ ခြံသန့်ရှင်းရေး ပုံမှန်ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါနှင့် သက်ဆိုင်သည့် ဗ ဟု သု တ များ ကို မွေး မြူ သူ များ ကိုယ်တိုင်သိရှိနားလည်ဆောင်ရွက်လာခြင်းနှင့် လိုအပ်သော ဓာတ်ခွဲစစ်ဆေးခြင်းများကို မွေးမြူရေးနှင့် ကု သ ရေး ဦး စီး ဌာ န နှ င့် ပူး ပေါ် င်း ဆောင်ရွက်လာခြင်းတို့ဖြင့် ကောင်းမွန်တိုးတက်လာစေသော မွေးမြူရေးစနစ်သို့ ပြောင်းလဲလာစေနိုင်ပါသည်။



မြန်မာနိုင်ငံနေရာ အနှံ့အပြားရှိ မြို့ပြကျေးလက်များတွင် တိရစ္ဆာန်မွေးမြူရေးကို ယခင်က မိရိုးဖလာ မွေးမြူရေးထက် စနစ်တကျ မွေးမြူဆောင်ရွက်လုပ်ကိုင်လာသည်ကို တွေ့မြင်လာရပါ သည်။ မီးဖိုချောင်စွန့်ပစ်ပစ္စည်း ထမင်းကျန်ဟင်းကျန်၊ ကျွေးမွေးသည့်အဆင့်မှ အာဟာရပြည့်ဝ သည့် ပဲ၊ ပြောင်း၊ နှမ်းဖတ်၊ ဖွဲ၊ ဆန်ကွဲစသည့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းထွက်ကုန်များနှင့် ရောစပ်ကျွေးမွေး၍ မွေးမြူလာကြပါသည်။ ၅ ကောင် မွေးမြူသည့်ခြံမှ အကောင် ၅၀၊ အကောင် ၅၀ မွေးကြသူတွေမှ အကောင် ၅၀၀ မွေးမြူထုတ်လုပ်သည့်အဆင့်အထိ တိုးတက်မွေးမြူလာကြပါ သည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာ စေ ရေး အ တွ က် နို င် ငံ တော် အစိုးရကလည်း နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်၍ သ က် သာ သော အ တိုး နှု န်း ဖြ င့် ထော က် ပံ့ ပေး လျ က် ရှိ ပါ သ ည် ။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ အသားတိုးဝက်အကောင် ၁၀၀ လျှင် တစ်ယူနစ် သတ်မှတ်ပြီး တိရစ္ဆာန်အစာဆိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး သွင်းအားစုများအတွက် တစ်ယူနစ်လျှင် ကျပ်သိန်း ၃၅ ချေးငွေ ထော က် ပံ့ ထား သ ည့် အ တွ က် မွေးမြူရေးကဏ္ဍအတွက်အထောက်အကူ ဖြစ်စေပါသည်။ ၎င်းအပြင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးကဏ္ဍအတွက် အတိုးနှုန်းသက်သာစွာဖြင့် ထောက်ပံ့နေကြသည့်အတွက် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရန် အခြေအနေကောင်း အခွင့်အလမ်းကောင်းများ ရရှိနေကြပြီး ဖြစ်ပေသည်။

မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ဈေးကွက်၊ ကူးစက်ရောဂါကာကွယ်နိုင်မှု၊ မွေးမြူသူတစ်ဦးချင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုတို့သည် အရေးကြီးလှပေသည်။ မွေးမြူသူများအနေဖြင့် မျိုး ကော င်း မျိုး သ န့် များ ၊ စ န စ် ကျ သော ခြံတည်ဆောက်မှုများ၊ အစာကျွေးနည်းစနစ်များ သိရှိနားလည်ပြီး ခိုင်မာသောဈေးကွက်နှင့် ကူးစက်ရောဂါကာကွယ်မှုများကို အခြေခံ က အ စ သိ ရှိ နား လ ည် လို က် နာ ဆောင်ရွက်မည်ဆိုပါက ကောင်းမွန်ထိရောက်အောင်မြင်သော အသားတိုးဝက်မွေးမြူရေးသည် ခေတ်နှင့်အညီ တိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်ပေတော့သည်။

**ဒေါက်တာစိုးမိုးဝင်း**



AgribizNews ဝက်ဘ်ဆိုက်နှင့်e-Paper တို့တွင်

ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ

ဆက်သွယ်ရန်- ၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)



ဇော်လင်းထွဋ်

၁၄-၉-၂၀၂၄ ရက်နေ့ ပေါင်းလောင်းရေပိုလွှဲမှ အမြင့်ဆုံးရေကျော်ကျမှုမှတ်တမ်းပုံ

# ရေကြီးရေလျှံမှု လျော့ကျရေး ဆည်မြောင်းတာတမံ ဝိုင်းဝန်းထိမ်းသိမ်းပေး

ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်။ ထိုသို့ဖြစ်ပေါ်လာသောသဘာဝဘေး အန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများလည်း တဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရသည်။ သဘာဝဘေးအန္တရာယ်များ မဖြစ်ပေါ်အောင် တားဆီးမှုမပြုလုပ်နိုင်သော်လည်း သဘာဝဘေး အန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးသက်သာအောင် အားလုံးပူး ပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်းနှင့် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏ အရှိန်တို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်ကာ နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာ များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုရေကြီးရေလျှံမှုများကြောင့် စက်တင်ဘာ ၁၆ ရက်နေ့ ကောက်ယူသော စာရင်းများအရ ရုံး/ဌာန အဆောက်အအုံ ၁၁၇ လုံး၊ စာသင်ကျောင်း ၁၀၄၀ ကျောင်း၊ ဘာသာရေးအဆောက်အအုံ ၃၈၆ လုံး၊ လမ်း/တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်ဆီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး တိရစ္ဆာန်မျိုးစုံ စုစုပေါင်း ၁၂၈၃၄၄ ကောင် သေဆုံးကာ စပါးနှင့် သီးနှံမျိုးစုံ စိုက်ဧက ၆၄၃၀၈၁ ဧကကျော် ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးခြင်းဆိုသည်မှာ ပုံမှန်အားဖြင့် ခြောက်သွေ့နေသော မြေနေရာများသို့ ရေစီးဆင်းမှုကြောင့် နစ်မြုပ်သွားခြင်းကို ခေါ်ဆိုခြင်းဖြစ်သည်။ ဥရောပသမဂ္ဂ ရေကြီးမှုဆိုင်ရာ ညွှန်ကြားချက်၏ အဆိုအရ ပုံမှန်အားဖြင့် ရေဖုံးလွှမ်းမနေသော မြေများ ရေဖုံးလွှမ်းခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ရေစီးဆင်းမှုဆိုရာတွင် လှိုင်းများ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခြင်းလည်းပါဝင်သည်။ ရေရှိရာနေရာများဖြစ်သော မြစ်နှင့်ရေကန်များတွင် တာရိုးများပေါ် ရေကျော်ခြင်းနှင့် တာရိုးကျိုးပျက်ခြင်းတို့ကြောင့် ရေလျှံကျပြီး အချို့ရေများ ၎င်းတို့ပုံမှန်တည်ရှိရာနယ်နိမိတ်မှကျော်လွန်ထွက်သွားသည့်အခါတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်တတ် သည်။

ထို့အပြင် ရေစိမ့်မဝင်နိုင်သော မြေများပေါ်တွင် မိုးရေများ အများအပြား ကျရောက်ခြင်းကြောင့်လည်း ရေလွှမ်းမိုးမှုဖြစ်နိုင်သည်။ မြစ်များအတွင်း ရေစီးနှုန်းမှာ မြစ်ကြောင်း၏ ရေထိန်းနိုင်မှုပမာဏကို ကျော်လွန်သွားသည့်အခါတွင်လည်း ရေလျှံမှုဖြစ်ပေါ်တက်ပြီး ပုံမှန် အားဖြင့် မြစ်ကွေ့မြစ်ကောက်များတွင် ဖြစ်ပေါ်

စာ-၁၅ သို့

## World Food Day 2024

## ကမ္ဘာ့စားနပ်ရိက္ခာနေ့ ၂၀၂၄

October 16, 2024 ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်

**Right to foods for a better life and a better future**



**ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး**